ထိုသူများသည် ခရစ်တော်၏ညီအစ်ကိုဝမ်းကွဲများသာဖြစ်သည်။ အထူးသဖြင့် မာရိ၏တူများဖြစ်သည်ဟု တတိယအမြင်ရှိသူများက ဆိုကြပါသည်။ အကြောင်းမှာ မာရိ၏ညီမဖြစ်သူ မာရိသည် ကလောဖ၏ဇနီးဖြစ်သည် (ယောဟန် ၁၉း၂၅၊ မာကု ၁၅း၄၀)။ ကလောဖ သို့မဟုတ် အာလဖဲ ၏သားကြီးသည် ယာကုပ်ဖြစ်သည် (မာကု ၃း၁၈)။ (ထို့ကြောင့်ယာကုပ်တို့ ညီအစ်ကိုတစ်စုသည် ခရစ်တော်၏အဒေါ် မာရိ၏ သားများ ဖြစ်နိုင်သည်။)

ကာနလက်ထပ်ပွဲကြီးကိုတက်ရောက်ပြီးသည့်နောက် ခရစ်တော်နှင့် မယ်တော်တို့သည် ကပေရနောင်မြို့သို့သွားတော်မူခဲ့ရာ ၎င်းတို့လည်း လိုက်ပါခဲ့ကြပါသည် (ယောဟန် ၂း၁၂)။ သူတို့သည်မာရိနှင့်အတူ ပရိတ်သတ်ထဲတွင် ခရစ်တော်ကိုရှာခဲ့ကြပါသည် (မဿဲ ၁၂း၄၆-၅၀၊ မာကု ၃း၃၁-၃၅၊ လုကာ ၈း၁၉-၂၁)။ ခရစ်တော်၏လောကအမှုတော်အဆုံးသတ်ခါနီးကလေးတွင် မေရှိယဖြစ်ကြောင်းထုတ်ဖော်ပြောကြားရန် ခရစ်တော်အား သူတို့တောင်းဆို ခဲ့ကြပါသည် (ယောဟန် ၇း၃-၅)။ ပင်တေကုတ္တေပွဲမတိုင်မီ ကျင်းပသော ဆုတောင်း စည်းဝေးပွဲများတွင် တမန်တော်များနှင့်အတူ ပူးပေါင်းကာ ဆုတောင်း ပဌနာပြုကြောင်း ဖော်ပြထားသည့် တမန်တော်ဝတ္ထုအရ သူတို့သည်ပြောင်းလဲ လာခဲ့ကြကြောင်း ထင်ရှားပါသည် (တမန် ၁း၁၃-၁၄)။ ၎င်းပြင်ထိုသူများသည် အိမ်ထောင်သည်များဖြစ်ကြောင်းကိုလည်း ရှင်ပေါလုကဖော်ညွှန်းရေးသား ထားခဲ့ပါသည်။ (၁ကော ၉း၅)။

ယုဒဩဝါဒစာကို ထိုညီအစ်ကိုလေးယောက်ထဲမှ ယုဒရေးသားကြောင်း 'ယာကုပ်ညီ ယုဒ' ဆိုသည့်စကားစုအရထင်ရှားသည်ဟု အချို့ကျမ်းပြုဆရာများက မှတ်ယူကြပါသည် (ယုဒ ၁)။ သခင်ဘုရား၏ အစ်ကိုဖြစ်သူ ယာကုပ်သည်ယေရုရှလင်မြို့ရှိအသင်းတော်၏ခေါင်းဆောင်တစ်ဦးဖြစ်သည်ကိုလည်း အများကလက်ခံထားကြပါသည် (တမန် ၁၂း၁၇၊ ၁၅း၁၃)။ မိမိယေရုရှလင်သို့ရောက်စဉ်က ပေတရုနှင့် သခင်ဘုရား၏ညီတော် ယာကုပ်မှတပါးအခြားတမန်တော်များကို မတွေ့ခဲ့ရဟု ရှင်ပေါလု၏ဖွင့်ဆိုချက်သည် ဤအချက်ကိုအတည်ဖြစ်စေပါသည် (ဂလာတိ ၁း၁၈-၁၉)

**ဂျူးလူမျိုးများသည် ဘုရားသခင်ရွေးချယ်သည့်လူမျိုးဖြစ်ပါသလား..**

ဂျူးများစွာတို့သည် ဂျူးလူမျိုးများအား ဘုရားသခင်၏သားသမီးဖြစ်ကြောင်းနှင့် စပ်လျဉ်း၍မေးခွန်းထုတ်နေကြပါသည်။ ယနေ့တွင်ဂျူးလူမျိုး များသည်

ဘုရားသခင်၏လူများဖြစ်နေကြပါသလား. . ၎င်းတို့အပေါ် ခရစ်ယာန်များ ဆက်ဆံပုံနှင့် စပ်လျဉ်းသည့်အမိန့်တော်တစ်စုံတရာရှိနေပါ သလား။ ပါလစ်စတိုင်းတွင် ဖြစ်ပျက်နေသောအရာများက ခရစ်တော်ကြွလာခြင်း အကြောင်းကို တစ်စုံတရာ ဖေါ်ညွှန်းနေပါသလား။ ထိုဂျူးများသည်မည်သည့် အမွေကိုမည်သည့်အချိန်တွင် ခံစားကြရမည်နည်း။

ဤအကြောင်းအရာကိုသမ္မာကျမ်းစာက ရှင်းရှင်းလင်းလင်းဖွင့်ဆိုထားပါသည်။ ကျွန်ုပ်တို့နားလည်ရန်လည်း အရေးကြီးပါသည်။ ယုဒလူများ/ဂျူး လူမျိုးများဟူသောဝေါဟာရကို ခရစ်တော်အချိန်က ဘာသာရေးခေါင်းဆောင်များကို ရည်ညွှန်းအသုံးပြုခဲ့ကြောင်းကျွန်ုပ်တို့ သတိရကြရပါမည်။ 'လူများ အပေါင်းတို့' ဟူသော ဝေါဟာရကိုမူ သာမန်လူတန်းစားများကို ရည်ညွှန်းဖွင့် ဆိုရာတွင် အသုံးပြုတော်မူခဲ့ပါသည် (မာကု ၁၂း၃၇)။ တစ်ခုသတိရသင့်သော အရာတစ်ခုမှာ ရှေးဦး အသင်းတော်မှ အသင်းသားအားလုံးနီးပါးမှာ ယုဒ/ဂျူး လူမျိုးများသာ ဖြစ်သည် ဆိုသည့်အချက်ဖြစ်သည်။ တပါးအမျိုးသားများထံ သာသနာမဖြန့်ဖြူးမီ ယေရုရှလင်နှင့် ယုဒပြည်အနှံ့တွင်သုံးနှစ်လုံးလုံး သာသနာဖြန့်ခဲ့ကြပါသည်။ ပင်တေကုတ္တေ ပွဲနေ့တွင် အသင်းဝင်လာကြသူ ၃၀၀၀ မှာလည်းယုဒ အနွယ်အများစု ပင်ဖြစ်ပါသည်

## ခရစ်တော်ကိုငြင်းပယ်ခြင်း

ခရစ်တော်၏အသွေးသည် သူတို့အပေါ်၌လည်းကောင်း သားမြေးတို့၏ အပေါ်၌လည်းကောင်းတည်ပါစေဟုခရစ်တော်ကိုတရားစီရင်စဉ်ကယုဒလူများက တောင်းဆိုခဲ့ကြသည် (မဿဲ ၂၇း၂၅)။ သို့ရာတွင်ယုဒလူမျိုးတမန်တော်များအား ယုဒလူများထံသို့ သွားရောက်တရားဟောရန် ယေရုရှလင်မြို့ကိုရောမများ ဖျက်ဆီးသည့် AD ၇၀ အထိ ခရစ်တော်စေလွှတ်တော်မူခဲ့ပါသည်။ ၎င်းတို့ကို ကိုယ်တော်ရှင်ချစ်တော်မူသကဲ့သို့ကျွန်ုပ်တို့လည်းချစ်သင့်ပါသည်။ ၎င်းတို့အထဲမှ များစွာသောလူတို့သည်ခရစ်တော်ကိုလက်ခံခဲ့ကြပါသည်။ 'ထိုသခင်၏နာမတော်မှတပါးငါတို့ကိုကယ်တင်နိုင်သောနာမတစ်စုံတစ်ခုမျှကောင်းကင်အောက်လူတို့တွင် မပေါ်မရှိ'ဟုပေတရုဖွင့်ဆိုခဲ့သည့်အတိုင်းသူတို့လည်းကျွန်ုပ်တို့နည်းတူကယ်တင်ရှင် လိုအပ်ကြပါသည် (တမန် ၄း၁၂)။ ရှင်ပေါလုသည်လည်း သူတို့ကိုချစ်သဖြင့် သူတို့အတွက်ဆုတောင်းပေးခဲ့ပါသည်။ "ညီအစ်ကိုတို့၊ ဣသရေလလူတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်စေခြင်းငှါ ငါ၏စေတနာအလိုရှိ၍ ဘုရားသခင့်ကို

ဆုတောင်းလေ့ရှိ၏ထိုသူတို့သည်မှန်သောပညာမရှိသော်လည်း ဘုရားသခင်ဘက်၌ စိတ်အားကြီးသည်ဟုသူတို့အဖို့ ငါသက်သေခံ၏။ ထိုသူတို့ သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကိုမသိပဲ ကိုယ်ဖြောင့်မတ်ခြင်းကို တည်စေခြင်းငှါရှာကြံသောကြောင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကို ဝန်မခံကြ။ ယုံကြည်သောသူအပေါင်းတို့သည် ဖြောင့်မတ်ရာသို့ရောက်မည်အကြောင်း ပညတ်တရားသည် ခရစ်တော်အားဖြင့် စုံလင်ခြင်းရှိ၏" ရောမ ၁၀း၁-၄။ ရှင်ပေါလုသည် ၎င်းတို့ကိုချစ်အားကြီး၍ ကယ်တင်ခြင်းရစေချင်သလို ကျွန်ုပ်တိုလည်း၎င်းတို့အပေါ် ထိုသဘောထားမျိုးရှိသင့်ပါသည်။ ကမ္ဘာပေါ်ရှိ လူမျိုးအပေါင်းတို့ထံသွား၍ ဧဝံဂေလိတရားတော်ကိုဟောကြားပါဟု ခရစ်တော် ဘုရားမိန့်မှာထားရာ ခရစ်ယာန်များအနေဖြင့် ၎င်းတို့ထံသို့လည်း သွားရောက် ဟောကြားသင့်ပါသည်။ အချို့ယုဒများသည်လည်း ၎င်းတို့၏လူမျိုးများထံ ဧဝံဂေလိတရားတော်ဖြန့်ချီရာတွင် အမှန်တကယ်ကူညီကြပါလိမ့်မည်။

## ယုဒ/ဂျူး လူမျိုးများအတွက် ကယ်တင်ခြင်း

ရောမ ၁၁ကို ကျွန်ုပ်တို့ဖတ်ရှုဖို့လိုအပ်ပါသည်။ ပေါလုသည်မိမိကိုယ်ကိုသက်သေထားကာ ယုဒများကိုထာဝရဘုရားစွန့်ပစ်တော်မမူသေးကြောင်း အငယ် ၂ တွင်ဖွင့်ဆိုထားပါသည်။ မိမိသည်ခရစ်တော်၏နောက်လိုက် ဖြစ်လာခဲ့သည့်နောက်ပိုင်းတွင် တပါးအမျိုးသားများအတွက် တမန်တော်တပါး ဖြစ်နေလင့်ကစား ယုဒများ၏ကယ်တင်ခြင်းအတွက်လည်း တစ်ချိန်လုံး လုပ်ဆောင်နေကြောင်း ရှင်ပေါလုဖွင့်ဆိုထားပါသည်။ 'ဣသရေလလူတို့သည် ရှာသော အရာကိုမတွေ့မရကြ' ဟုလည်း အငယ် ၇ တွင် သူဖွင့်ဆိုထားပါသည်။ အငယ် ၁၉-၂၂ တွင်မူသံလွင်ပင်မှ ကိုင်းများတွင်ကိုင်းကူးထားသည့် တပါးအမျိုး သားများ (ကျွန်ုပ်တို့) အကြောင်းကိုသူမိန့်ဆိုထားပါသည်။ "ငါ့ကိုဆက်၍ စိုက်ခြင်းငှါထိုအခက် တို့ကိုချိုးဖဲ့ပြီဟု သင်ဆိုပြန်လျှင်မှန်စေတော့။ မယုံကြည်သောစိတ်ရှိသောကြောင့်သူတို့ကိုချိုးဖဲ့သည်ဖြစ်၍ သင်သည်ယုံကြည် ခြင်းအားဖြင့် သာတည်၏။ မာနစိတ်မရှိစေနှင့်။ ကြောက်ခြင်းစိတ်ရှိစေလော့။ အကြောင်းမူကား ဘုရားသခင်သည်ပကတိအခက်များကို နှမြောတော်မမူလျှင် သင်တို့ကို နှမြောတော်မူမည်လော။ သို့ဖြစ်၍လဲသောသူတို့၌ပြင်းစွာသောစီရင် တော်မူခြင်းကိုလည်းကောင်း၊ ကျေးဇူးတော်၌သင်သည်တည်နေလျှင် သင်၌ပြုသော ကျေးဇူးတော်ကိုလည်းကောင်း၊ ဤနှစ်ပါးကိုအောက်မေ့လော့။ ကျေးဇူးတော်၌မတည်နေလျှင်

သင်သည်လည်းခုတ်ပစ်ခြင်းကိုခံရမည်။” ‘နှမြောတော်မမူ’ ဟူသောစကားအရ ဣသရေလများကိုလူမျိုးတစ်မျိုးလုံး အနေဖြင့်ဘုရားသခင်၏ သားသမီးများ အဖြစ်သတ်မှတ်တော်မမူတော့ဟု နားလည်ထားရန်ဖြစ်ပါသည်။ ဣသရေလ များသည် လူမျိုးတစ်မျိုးအနေဖြင့် သော်လည်းကောင်း ပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် သော်လည်းကောင်း အခြားလူမျိုးများနှင့်ထူးခြားမှုမရှိပဲ သူတို့သည်လည်း အခြားလူအသီးသီးတို့ နည်းတူခရစ်တော်ကိုလိုအပ်နေကြပါသည်။ “ခရစ်တော်နှင့် စပ်ဆိုင်လျှင် အာဗြဟံ၏အမျိုးအနွယ်ဖြစ်၍ ကတိတော်အတိုင်း အမွေခံ၏ အရာ၌တည်ကြ၏” ဟုဖော်ပြထားသည် ဂလာတိ ၃း၂၉ ကိုလည်း ကျွန်ုပ်တို့ သုံးသပ်သင့်ကြပါသည်။ သမ္မာကျမ်းစာတွင် ဖော်ပြထားသည့် ကတိတော်များသည် ဘုရားသခင်၏ သားသမီးများ အတွက်ဖြစ်သည်။ ကိုယ်တော်ရှင်၏ ကျေးဇူးတော်၌ ဆက်လက် တည်နေကြလျှင် ယနေ့ခရစ်ယာန်များသည် ကိုယ်တော်၏ သားသမီး များဖြစ်ကြပါသည် (ရောမ ၁၁း၂၂)။

ယုဒလူမျိုးများသည်တပါးအမျိုးသားများနည်းတူ ကယ်တင်ခြင်းကျေးဇူး ကိုခံစားခွင့်ရှိနေဆဲဖြစ်ပါသည်။ ရှင်ပေါလုသည်သူ၏အမှုတော်ကိုအစပျိုးစဉ်က ခရစ်ယာန်အသင်းတော်များရှိ အသင်းသားအများစုမှာယုဒများသာဖြစ်ခဲ့ ကြပါသည်။ ယုဒလူများစွာတို့သည် ခရစ်တော်ကိုယုံကြည်လက်ခံခဲ့ကြရာ “ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကင်တင်ချင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိ” ဟု ပေတရုမြွက်ဆိုခဲ့သောပုဂ္ဂိုလ် များမှာလည်း ယုဒလူခေါင်းဆောင်များသာဖြစ်ပါသည်။ ယုဒလူနှင့်တပါး အမျိုးသားနှစ်ဖွဲ့စလုံးသည် ခရစ်တော်အားဖြင့်သာ ကယ်တင်ခြင်းခံစားကြရမည် ဖြစ်သည်။ ခြားနားမှုတစ်စုံတစ်ရာမရှိပါ။ ယခုမျက်မှောက်ကာလတွင်လည်း ယုဒခရစ်ယာန်များစွာရှိနေပါသည်။

## ယုဒများ- ဣသရေလလူပြန်ဖြစ်ကြရမည်။

ယုဒများသည်ရှေးခေတ် ဣသရေလများကဲ့သို့ ယဇ်ပူဇော်မှုများကို ပြန်လည် ကျင့်ဆောင်ကြရမည်ဟုအချို့ကအထင်ရှိပုံ ပေါ်နေပါသည်။ ဤယူဆချက်သည်အနှစ်သာရမဲ့လှပါသည်။ ခရစ်တော်၏နာမတော်အားဖြင့် သာကယ်တင်ခြင်းရနိုင်သည်ဟု ယုဒများအားတရားဟောခဲ့သူများသည် ယုဒများ သာဖြစ်နေပါသည် (တမန် ၄း၈-၁၃)။ ‘ငါတို့ကို ကယ်တင်နိုင်သော’ ဟူသော ဖွင့်ဆိုချက်ထဲမှ ‘ငါတို့’ တွင် ယုဒများလည်းပါဝင်နေသည်မှာ ထင်ရှားပါသည်။

ဘုရားသခင်၏သိုးသငယ်ဖြစ်သော ခရစ်တော်အသေခံလိုက် ချိန်မှစ၍ ယဇ်ပူဇော်ခြင်းအမှုသည် ရပ်တန့်သွားပြီဖြစ်သည်ကို သမ္မာကျမ်းစာ တွင်ဖွင့်ဆိုထားပါသည် မဿဲ ၂၇း၅၁ တွင် "ထိုအခါဗိမာန်တော်၏ ကန့်လန့်ကာသည် အထက်စွန်းမှအောက်စွန်းတိုင်အောင်စုတ်ကွဲလေ၏။ မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲပြားကြ၏" ဟုဖေါ်ပြထားရာတွင် ထိုကန့်လန့်ကာကြီးကိုအထက်စွန်းမှအောက်စွန်းအထိ ဘုရားသခင်စုတ်ဖြဲ လိုက်ခြင်းသည် ယဇ်ပူဇော်ခြင်း အဆုံးသတ်ကြောင်း အထိမ်းအမှတ်ပြုခြင်း ဖြစ်သည်။ ခရစ်တော်အသေခံပြီးသည့်နောက်ရက်အနည်းငယ်ဆက်လက်၍ ယဇ်ပူဇော်ခဲ့သည်မှာမှန်သော်လည်း ထိုပူဇော်မှုများ၌ အနှစ်သာရမရှိတော့ပြီ။ အကြောင်းမှာ ယဇ်ကောင် အစစ်အမှန်ကြီးကိုပူဇော်ပြီးခဲ့ချေပြီ။ ကန့်လန့်ကာ အသစ်တစ်ခုကိုသူတို့တပ်ဆင်ခဲ့ကြပါသည်။ ရောမစစ်ဗိုလ်ချုပ်တိုက်တပ်စ်သည် အေဒီ ၇၀ တွင်ယေရုရှလင်မြို့ကို တိုက်ခိုက်ဖျက်ဆီးခဲ့ပါသည်။ ဗိမာန်တော်သည် အလွန်လှပတင့်တယ်သဖြင့် ဖျက်ဆီးမပစ်ကြရန် မိမိ၏စစ်သားများကို တိုက်တပ်စ် အမိန့်ပေးထားခဲ့သည်။ ယုဒလူမျိုးရေးစိတ်ဓါတ်ပြင်းထန်သူများသည် ထိုဗိမာန်တော်ကြီးကို အကာအကွယ်ယူကာရောမစစ်သားများအား အထဲမှနေ၍ မြှားနှင့်ပစ်ခဲ့ကြရာ ရောမစစ်သားများလည်း သည်းမခံနိုင်တော့ပဲထိုဗိမာန် ကြီးကို မီးရှို့ပစ်လိုက်ကြပါသည်။ မီးအရှိန်ကြောင့်ရွှေများအရည်ပျော်ကာ ကျောက်တုံး အက်ကြောင်းများထဲသို့ စီးဝင်ကုန်ကြရာ ရောမစစ်သားများသည် ထိုရွှေများကို သူ့ထက်ငါလုယူခဲ့ကြပါသည်။

## ဗိမာန်တော်ကိုပြန်လည်တည်ဆောက်ခြင်း

ဗိမာန်တော်မရှိတော့သည့်နောက်ပိုင်းတွင် ယုဒများသည်ယဇ်ပူဇော်ခြင်းကိုလည်းမလုပ်ကြတော့ချေ။ ဗိမာန်တော်တည်ရှိခဲ့ဖူးသည့်တောင်ပေါ်တွင် မွတ်စလင်ဗလီတစ်ခုရှိနေပြီဖြစ်သဖြင့် ယဇ်ပူဇော်ခြင်းကိုမည်သည့်အခါမျှလုပ်စရာမလိုတော့ပါဟု ထာဝရဘုရားမိန့်တော်မူသည့်အလားဖြစ်နေပါသည်။ ဗိမာန်တော်တစ်ဆောင်ကိုပြန်လည်တည်ဆောက်ရန်အတွက် ထိုဗလီကို ဖျက်ဆီးပစ်လိုက်မည်ဆိုလျှင် မည်သို့ဖြစ်ပျက်သွားနိုင်ပါသနည်း။ BAR (Biblical Archeological Review) က ၁၉၉၆-၉၇ ခုနှစ်တွင်ထိုဗိမာန်တော် တည်ခဲ့ဖူးသည့်တောင်အကြောင်းနှင့်တကွဗလီ၏ဓါတ်ပုံများကိုရေးသား ဖေါ်ပြခဲ့ပါသည်။ ရှောလမုန်မင်းကြီး၏ ဗိမာန်တော်ရှိစဉ်ကပဋိညာဉ်သေတ္တာ တော်တည်ရှိခဲ့သည်ဟုကျမ်းတတ်ဆရာများလက်ခံသည့်နေရာကိုလည်း ပုံထဲတွင်အမှတ် အသားပြုကာ

ဖေါ်ပြခဲ့ကြပါသည်။

## ယုဒလူများအကြောင်း- အနာဂတ္တိစကားများ

တစ်ဦးချင်းအလိုက်ခရစ်တော်ထံသို့ ၎င်းတို့ပြန်လည်တိုးဝင်ချဉ်းကပ်လာကြစေရန် ယခုခေတ်ဂျူးလူမျိုးများအတွက် ကျွန်ုပ်တို့ဆုတောင်းပေးသင့်ပါသည်။ဤအရာသည်ညွှန်ကြားထားတော်မူသည့်အချက်နှင့်ကိုက်ညီနိုင်ပါသည် "သင်နှင့်သင်၏သားမြေးတို့သည် ငါ့နောက်သို့မလိုက် လမ်းလွဲလျက် ငါမှာထားသောစီရင်ထုံးဖွဲ့ချက်တို့ကိုမစောင့်၊ အခြားတပါးသောဘုရားထံသို့ သွား၍ ဝတ်ပြုကိုးကွယ်လျှင် ဣသရေလအမျိုးကိုငါပေးသောပြည်မှ ငါပယ်ဖြတ်မည်။ ငါ့နာမအဖို့ ငါသန့်ရှင်းစေသော ဤအိမ်တော်ကို ငါ့မျက်မှောက်မှ ငါပယ်ရှားမည်။ ဣသရေလအမျိုးသည်လည်း တပါးအမျိုးသား တို့တွင်ပုံခိုင်းရာ၊ ကဲ့ရဲ့ရာဖြစ်ရလိမ့်မည်။ အရပ်မြင့်သောဤအိမ်တော်ကိုလည်း လမ်း၌လျှောက်သွားသော သူအပေါင်းတို့သည် အံ့သြ၍ထာဝရဘုရားသည် ဤပြည်နှင့်ဤအိမ်ကို အဘယ်ကြောင့်ဤသို့ပြုတော်မူသနည်းဟု မေးကြလိမ့်မည်" ၃ရာ ၉း၆-၈။ ခရစ်ယာန်များအတွက်လည်း ထိုနည်းနှစ်နည်း နှင့် ဖြစ်နိုင်ကြောင်း ရောမ ၁၁ တွင်ရှင်ပေါလုဖွင့်ဆိုထားသည်။ ထိုကြောင့်ကျွန်ုပ် တို့သည်ခရစ်တော်နှင့် စိတ်နှလုံးပါပါ ဆက်ဆံသွားကြရမည်။ သို့မဟုတ်ပါက လမ်းပျောက်ကြလိမ့်မည်။ ရှောလမုန်အားပေးထားသည့် ကတိတော်တွင်လည်း စည်းကမ်းချက်တစ်ခု ပါရှိနေသည်ကို သတိပြုကြပါ "ငါ့သားရှောလမုန် . . . ကိုယ်တော်ကိုရှာလျှင်အတွေ့ခံတော်မူမည်။ ကိုယ်တော်ကိုစွန့်လျှင် သင့်ကို အစဉ်အမြဲစွန့်တော်မူမည်" ၁ရာချုပ် ၂၈း၉ (တရားဟော ၈း၂၀ တွင်လည်း ကြည့်ပါ) ဤသတိပေးစကားသည် ရှေးခေတ်ဣသရေလများအတွက်ဖြစ်သလို ခရစ်ယာန်များအတွက်လည်းဖြစ်ပါသည်။

## ယုဒများအတွက်အမွေ

အာဗြဟံနှင့် ၎င်း၏သားမြေးများကိုခါနန်ပြည်ပေးရန် ထာဝရဘုရားကတိထားတော်မူခဲ့သည် (ကမ္ဘာ ၁၂း၇) သို့ရာတွင် ဤကတိတော်ပြည့်စုံရန်အချိန်များစွာကြာညောင်းခဲ့ပါသည်။ ၎င်းတို့ထိုအမွေကိုလက်ခံရရှိသည့်အကြောင်းကို ယောရှုမှတ်စာတွင်တွေ့ရပါသည်။ သူတို့သည် ထာဝရဘုရား၏အကူအညီဖြင့် ထိုပြည်ကိုသိမ်းပိုက်ကာ ထာဝရဘုရား၏လမ်းညွှန်မှုအောက်တွင် ဣသရေလအမျိုးအနွယ် (၁၂) မျိုးတို့အား နယ်မြေခွဲဝေပေးခဲ့ပါသည်။ ထို

အကြောင်း ကိုယောရှုမှတ်စာ ၁၃-၂၂ တွင်ရေးထားပါသည်။ ထိုကြောင့် "ခရစ်တော်နှင့်စပ်ဆိုင်လျှင်အာဗြဟံ၏အမျိုးအနွယ်ပင်ဖြစ်၍ ကတိတော် အတိုင်း အမွေခံ၏အရာ၌တည်ကြ၏" ဟုရှင်ပေါလုကဖွင့်ဆိုထားခြင်းဖြစ်သည်။ (ဂလာတိ ၃း၂၉)။

၈၆။ ခရစ်ယာန်အစစ်အမှန်တိုင်းသည် ကောင်းကင်ခါနန်ပြည်ကို ဝင်စားကြရလိမ့်မည်။ အာဗြဟံအားပေးတော်မူထားသည့်ကတိတော်အမွေကို ခံရကြလိမ့်မည်။ အာဗြဟံကိုယ်တိုင်လည်း "ဘုရားသခင်တည်ထောင်ပြုစု တော်မူသောခိုင်ခံ့မြဲမြံသောမြို့ကိုမြော်လင့်ခဲ့ပါသည်" ဟေဗြဲ ၁၁း၁၀ ဤအချက် ကိုကြည့်လျှင် ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်သည့်ထိုကတိတော်သည် အစစ်အမှန်ဖြစ်ကြောင်းထင်ရှားပါသည်။

ထာဝရကာလတည်မြဲမည့် ထိုပြည်သည်အမှန်တကယ်ပြည့်စုံမည့် အရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည်ခရစ်တော်အားဖြင့် ထာဝရနိုင်ငံတော်ထဲသို့ ဝင်စားခွင့်ရနိုင်ကြပါသည်။ "ကောင်းကင်အောက်၌နိုင်ငံနှင့်တကွ အာဏာစက်ဘုန်းတန်ခိုးရှိသမျှကိုအမြင့်ဆုံးသောဘုရား၏ သန့်ရှင်းသောအမျိုးသားတို့သည် ရကြလိမ့်မည်။ ဘုရားသခင်၏ထိုနိုင်ငံတော်သည် ထာဝရနိုင်ငံဖြစ်၏။ မင်းကြီးအပေါင်းတို့သည် တိုးဝင်၍ကျွန်ခံရကြလိမ့်မည်" ဒံယေလ ၇း၂၇။ဤအရာသည် ခရစ်တော်အားဖြင့် ရရှိသည့် အလွန်တရာကြီးမြတ်သည့် ကတိတော်ပင်ဖြစ်ပါသည်။

ခရစ်တော်အား စုပေါင်း၍ငြင်းဆိုကြသည့်တိုင်းနိုင်ငံများသည် နိုင်ငံအလိုက်ထိုထာဝရအမွေကို ဆုံးရှုံးကြရလိမ့်မည်။ ခရစ်တော်အားမိမိ၏ ကယ်တင်ရှင်အဖြစ်လက်ခံကြမည့်သူများထံသို့ ထိုအမွေတော်ကိုလွှဲပြောင်းခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် ခရစ်ယာန်များအဖြစ် ကိုင်းကူးထားခြင်းခံရသူများဖြစ်ရာ ထိုလူမျိုးတို့ကိုပယ်ရှားပစ်ခဲ့သလို ကျွန်ုပ်တို့အားလည်း ပယ်ရှားပစ်နိုင်ပါသည် (ရောမ ၁၁း၂၀-၂၂)။

အကယ်၍သာ ယုဒလူမျိုးတို့သည် လူမျိုးအလိုက် မေရှိယကိုလက်ခံခဲ့ကြမည်ဆိုလျှင်၎င်းတို့သည်ဤလောကအတွက် ဧဝံဂေလိတရားတော် ဟောကြားရန်ဘုရားအသုံးပြုသည့်အသင်းတော်ကြီး ဖြစ်ခဲ့ကြလိမ့်မည်။ သို့ရာတွင် ထိုအရာကိုလုပ်ဆောင်ရန် သူတို့ငြင်းဆိုခဲ့ကြပါသည်။ ထိုကြောင့် ခရစ်ယာန်အသင်းတော်ပေါက်ဖွားလာခဲ့ငြားသော်လည်း ကျွန်ုပ်တို့သည်လည်း အလိုတော်ကိုကောင်းမွန်စွာမဖြည့်ဆည်းခဲ့ကြပါ။ ဝမ်းနည်းစရာဤစာပိုဒ်ကလေးကို သုံးသပ်

သူသည်မိမိဒေသအရပ်သို့ကြွလာသော်လည်း မိလူမျိုးတို့သည် သူ့ကိုလက်မခံပဲ နေကြ၏။ ထိုသူကိုလက်ခံသမျှသောသူတည်းဟူသောကိုယ်တော်ကိုယုံကြည်သောသူတို့အားဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏” ယောဟန် ၁း၁၀-၁၂။ ယုဒလူတစ်ဦးဖြစ်သော ရှင်ယောဟန်သည် ဤစာပိုဒ် ကလေးကိုရေးနေစဉ် ဝမ်းနည်းနေမည်မှာ အမှန်ပင်ဖြစ်သည်။ သို့စေကာမူ သူရေးကိုရေးရပေမည်။ အကြောင်းမှာ သူသည်ဝိညာဉ်တော်၏ ပဲ့ပြင်မှုအောက်တွင်ရှိနေသောကြောင့်ဖြစ်ပါသည် (၂ပေ ၁း၁၉-၂၀)။

## ဒါဝိဒ်၏ပလ္လင်

ယေရှုသည်ဒါဝိဒ်၏အနွယ်မှ သက်ဆင်းလာသူဖြစ်ကြောင်းကိုဖေါ်ပြရန် ရှင်မဿဲသည်ဆွေစဉ်မျိုးဆက်စာရင်းအရှည်ကြီးတစ်ခုကို တင်ဆက်ထားပါသည် (၁း၁-၁၇)။ ရှင်လုကာကမူ ယေရှုမှစကာ အာဒံတွင်အဆုံးသတ်ထားသည့်နောက်ကြောင်းပြန်ဆွေစဉ်မျိုးဆက်စာရင်းအရှည်ကြီးကိုတင်ပြထားပါသည် (၃း၂၃-၃၀)။ ထိုဆွေစဉ်မျိုးဆက်စာရင်းနှစ်ခုစလုံးတွင် ဒါဝိဒ်နှင့် ရှောလမုန်တို့ ပါဝင်ကြပါသ်ည။ ‘ရှောလမုန်မင်းကြီးသည် မင်္ဂလာရှိ၍ ဒါဝိဒ်၏ ရာဇပလ္လင်တော်သည် ထာဝရဘုရားရှေ့တော်၌အစဉ်အမြဲတည်ပါစေသတည်း’ ဟု ထာဝရဘုရားကတိထားတော်မူခဲ့သည် ၃ရာ ၂း၄၅။ ထိုကတိတော်သည် အခြေအနေတစ်ခုပေါ်တွင်မူတည်နေသည်ကို ရှောလမုန်အားသတိပေးတော်မူထားပါသည် (၁ရာချုပ် ၂၈း၉)။ ဇေဒကိမင်းသည်ဣသရေလများ၌ နောက်ဆုံးသော မင်းဆက်ဖြစ်သည်။ ဗာဗုလုန်သုံ့ပန်းဘဝရောက်ရှိပြီးသည့် နောက်ပိုင်းတွင် ယုဒများ၌ယုဒဘုရင်မရှိတော့ပဲ ယုဒအုပ်ချုပ်ရေးမှူးများသည် လူမျိုးခြားဘုရင်များ၏လက်အောက်တွင် ယုဒအမျိုးသားများကိုအုပ်ချုပ်ခဲ့ကြ ရသည်။ ခရစ်တော်အချိန်က ယုဒပြည်ကို အုပ်ချုပ်ခဲ့သောဟေရဒ်မင်းသည် ကဲသာဘုရင်ခန့်အပ်ခဲ့သောဘုရင်တပါးဖြစ်သော်လည်း ဒါဝိဒ်အမျိုးအနွယ်မှ ပုဂ္ဂိုလ် တစ်ဦးမဟုတ်ပါချေ။ ဣသရေလများသည်ဆုံးရှုံးခဲ့ရသောထီးနန်းကို တစ်ခါမျှပြန်လည်မရရှိတော့ချေ။ သို့စေကာမူနိုင်ငံတော်နှင့်တကွ ၈၇။ ထီးနန်း အကြောင်းနှင့်စပ်လျဉ်းသည့်ကတိတော်သည်တည်မြဲဆဲဖြစ်ပါသည်။ ထိုနိုင်ငံတော်အား အမြင့်ဆုံးသောဘုရားသခင်၏သန့်ရှင်းသောအမျိုးသားတို့ကို ပေးသနားတော်မူမည်အကြောင်းဒံယေလကရှင်းပြထားပါသည်(ဒံယေလ ၇း၂၇) ခရစ်တော်အား အသက်တာ၏အရှင်သခင်အဖြစ်လက်ခံသူအပေါင်းတို့သည် အာဗြံဟံ၏ အမျိုး

အနွယ်ဟု အသတ်မှတ်ခံရကာ အာဗြဟံအားပေးထားသည့် ကတိတော်အမွေကို ခံစားကြရလိမ့်မည်ဖြစ်ကြောင်းကိုလည်း ရှင်ပေါလုက ဖွင့်ဆိုထားပါသည် (ဂလာတိ ၃း၂၉)။ ထိုကတိတော်ကဲ့သို့အရေးပါသောကတိတော်မှာ ဒါဝိဒ်အား ထီးနန်းပေးမည်ဆိုသည့်ကတိတော်ဖြစ်ပါသည်။ ခရစ်ဝင်ကျမ်း နှစ်ကျမ်းက ယေရှု၏ မျိုးနွယ်စာရင်းကို ပြုစုတင်ပြထားကြပါသည်။ အဘယ်ကြောင့်ထိုသို့ တင်ပြထားရသနည်း။ စိတ်ဝင်စားစရာကောင်းသော သတင်းတစ်ခုဖြစ်သည့် အတွက်ထိုသို့ တင်ပြထားခြင်းဖြစ်သလား။ မဟုတ်ပါ။ ဒါဝိဒ်အားပေးထားသည့် ထိုကတိတော်ပြည့်စုံခြင်းအဖြစ်ယေရှုသည် ဘုရင့်မျိုးနွယ်စုမှ သက်ဆင်းလာခဲ့ကြောင်းသိသာရန် တင်ပြနေခြင်းဖြစ်ပါသည်။

မေရှိယသည်ဒါဝိဒ်မင်းကြီး၏အနွယ်မှ သက်ဆင်းလိမ့်မည်ဆိုသည့်အကြောင်းကိုဟေရှာယကရှင်းပြထားပါသည်။ “ငါတို့အဖို့သူငယ်ကိုဖွားမြင်၏။ ငါတို့အားသားကိုပေးသနားတော်မူ၏။ ထိုသူသည်အုပ်စိုးခြင်းအာဏာစက် ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်တိုင်ပင်ဖက် တန်ခိုးကြီးသောဘုရားသခင် ထာဝရအဘငြိမ်သက်ခြင်းအရှင်ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံတော် မူလိမ့်မည်။ ဒါဝိဒ်မင်း၏ရာဇပလ္လင်ပေါ်မှာထိုင်၍ နိုင်ငံတော်ကိုနောင်ကာလ အစဉ်မပြတ် တရားတော်အတိုင်းဖြောင့်မတ်စွာစီရင်၍အမြဲတည်တော်မူမည် အကြောင်း အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲ ရှိလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည်အလိုတော်အား ကြီး၍ ထိုအမှုကို ပြီးစီး စေတော်မူလိမ့်မည်” (၉း၆-၇)။ ထာဝရဘုရားသခင် တည်ထောင်မည့် နိုင်ငံတော်သည်ထာဝရနိုင်ငံတော်ဖြစ်ကြောင်းကိုလည်း ဒံယေလကတင်ပြထားပါသည် (၂း၄၄)။ တရားစီရင်ရာပလ္လင်တော်ရှေ့သို့ မိုးတိမ်ကိုစီးကာရောက်လာသည့် လူသားနှင့် တူသောပုဂ္ဂိုလ်အားနိုင်ငံတော်နှင့် တကွ အာဏာစက် တန်ခိုးကိုပေးတော်မူ၏ (ဒံယေလ ၇း၁၃-၁၄၊ ၉း၁၀)။ ပေးတော်မူသည့်နိုင်ငံတော်နှင့် အာဏာတန်ခိုးတို့မှာ အစဉ်အမြဲတည်မည် ဖြစ်သောကြောင့် ‘ပျက်စီးခြင်းသို့ မရောက်နိုင်ရာ’ ဟူသောဝေါဟာရကိုအသုံး ပြုထားပါသည်။ ထို့ကြောင့်ယနေ့တွင် မိမိတို့၏အသက်တာအရှင်သခင်အဖြစ် ခရစ်တော်အား ဘိသိက်ပေးကြရပါမည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ကိုယ်တော်ရှင်သည်ဘုရင်တကာတို့၏ဘုရင်သခင် တကာတို့၏သခင်အဖြစ် ကြွလာတော်မူလိမ့်မည် (ဗျာ ၁၉း၁၆)။ ထိုအရာသည် ဒါဝိဒ်၏ရာဇပလ္လင်ကို အစဉ်အမြဲတည်စေတော်မူလိမ့်မည်။ ခရစ်တော်ကို ဓမ္မဟောင်းကျမ်းတွင် မတွေ့ရဟု တချို့ကပြောကြသည်။ ဤအချက်ကို ရှင်ပေါလု

သဘောမတူပါ။

"ထိုသူတို့နောက်၌လိုက်သောဓမ္မကျောက်မှထွက်သောရေကို သောက်ကြ၏။ ထိုကျောက်ကားခရစ်တော်ဖြစ်သတည်း" ဟုရှင်ပေါလုကဖွင့်ဆို ထားသလို ခရစ်တော်ကိုယ်တော်တိုင်ကလည်း "ကျမ်းစာအားဖြင့်ထာဝရအသက်ကိုရမည်ဟု စိတ်ထင်နှင့် သင်တို့သည်ကျမ်းစာကိုစေ့စေ့ကြည့်ရှုကြ၏။ ထိုကျမ်းစာပင်ငါ၏သက်သေဖြစ်၏" ဟု မြွက်ဆိုထားပါသည် (၁ကော ၁၀း၄၊ ယောဟန် ၅း၃၉)။ ထို့ကြောင့်ဓမ္မဟောင်းကျမ်းတစ်ခုလုံးတွင်လည်း ခရစ်တော်ပါရှိတော် မူလျက်ရှိသည်။ ဖာရိရှဲတစ်ဦးဖြစ်ခဲ့ဖူးသည့်ရှင်ပေါလုက "ထိုဖန်ဆင်းပြုပြင်တော် မူရာ၌ဟေလသလူမရှိ၊ ယုဒလူမရှိအရေဖျားလှီးခြင်းမင်္ဂလာခံခြင်းမရှိ မခံခြင်းမရှိ လူရိုင်းမရှိ၊ သကုသိလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ခရစတော်သည်အလုံးစုံတို့၌ အလုံးစုံဖြစ်တော်မူ၏ ဟုထပ်လောင်းဖွင့်ဆိုထားရာ ဓမ္မဟောင်းကျမ်းနှင့်ဓမ္မသစ် ကျမ်းနှစ်ကျမ်စလုံးသည် ခရစ်တော်၌အတူတကွပေါင်းစည်းနေပါသည်။ ကတိတော်အပေါင်း တို့သည်လည်း ယခုတွင်ဝိညာဉ်ရေး က္ကသရေလများ၌ပြည့်စုံပါလိမ့်မည်။

**<u>လောတဇနီး၏အမည်မှာအဘယ်နည်း။</u>**

သောဒုံမြို့မှထွက်ပြေးလွတ်မြောက်လာသော လောတ၏အကြောင်းအရာတွင်အမည်ဖော်ပြမထားသည့်အမျိုးသမီးကိုတွေ့ရပါသည်။ အဖျက်ဆီးခံရတော့မည့်ထိုမြို့ထဲမှ ခင်ပွန်း၊ သမီးများနှင့်အတူထွက်သွားရန်ကောင်းကင်တမန်ကခိုင်းခဲ့သော်လည်းသူမသည် ဖင့်နွဲ့နေသည်သာမကသတိပေးသည့်အတိုင်းမလုပ်ပဲနောက်သို့လှည့်ကြည့်မိသဖြင့် ဆားတိုင်ဖြစ်ခဲ့ရပါသည်။ ဤနားမထောင်မှုကိုခရစ်တော်သည် လုကာ ၁၇း၃၂ တွင်ပုံသက်သေတစ်ခုအဖြစ်အသုံးပြုထားပါသည်။ သမ္မာကျမ်းစာထဲတွင်သူမအကြောင်းတွေ့ရှိသမျှမှာ ဤမျှသာဖြစ်ပါသည်။

**<u>နောဧဇနီး၏အမည်မှာအဘယ်သို့နည်း။</u>**

ကမ္ဘာဦးကျမ်း အခန်းကြီး ၇း၇ တွင်ဖော်ပြထားသည့် နောဧ၏မယားကိုရည်ညွှန်းဖွင့်ဆိုထားသည့် ကျမ်းချက်တစ်စုံတစ်ခုမျှ သမ္မာကျမ်းစာတွင်တွေ့ရမည်မထင်ပါ။ သမ္မာကျမ်းစာတွင်သူမ၏အမည်ကိုဖော်ပြမထားသော်လည်း မိရိုးဖလာဆိုရိုးစကားများအရ သူမ၏အမည်မှာ နေမဖြစ်ပါသည်။

လာမက်နှင့်ဇိလတို့၏သမီး နေဗလကာဣန၏ညီမဖြစ်သူ နေမသည်နောဧ၏ဇနီးဖြစ်သည်ဟု မိရိုးဖလာဆိုရိုးစကားများကဆိုပါသည်။ ထိုနာမည်၏အဓိပ္ပါယ်မှာ ' လှပချောမွေ့သူ (ဝါ) နှစ်သက်ဖွယ်ကောင်းသူ' ဖြစ်ပါသည်။ အတွင်းစာရိတ္တထက်အပြင်ရုပ်ပါရုံကိုပို၍တန်ဖိုးထားတတ်သော ကာဣနသားမြေးများ၏

စိတ်ဓါတ်ကိုထိုနာမည်ကရောင်ပြန်ဟပ်နေပါသည်။

Nichol Francis D, The SAD Commentary, (Washington, D.C, Review and Herald Publishing Association) 1978

**ငြိမ်သက်ခြင်း (ငြိမ်ချမ်းရေး) ကိုမည်သည့်အချိန်တွင်မည်သို့ရရှိနိုင် မည်နည်း။**

ဘာသာရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေးနှင့် သမိုင်းရာဇဝင်များသည် နိုင်ငံအများအကြားဖြစ်ပွားနေသော ရှုပ်ထွေးသည့်စိတ်ဝင်စားမှုကွန်ယက်တွင် အရှေ့အလယ်ပိုင်းကို ပိုင်းခြားဖြတ်တောက်နေကြပါသည်။ ထိုအရှေ့အလယ်ပိုင်းဒေသအတွက်ဘာသာရေးနှင့်နိုင်ငံရေး၏အချက်အခြာဖြစ်သော ယေရုရှင်လင်မြို့ကိုလည်းခရစ်ယာန်နှင့်မွတ်စလင်များက သူ့ဘာသာရေးနယ်မြေ ကိုယ့်ဘာသာရေးနယ်မြေဟူ၍အပြိုင်ဖွင့်ဆိုနေကြသည်။ ထိုမြို့ကြီးအပေါ်ဘာသာရေးဆိုင်ရာလေးစားမှုများကိုပြသနေကြသည့်ကြား၌ပင် ဘာသာရေးနှင့်ဆက်နွှယ်နေသည့်အကြမ်းဖက်မှုများမှာ ယခုထက်တိုင်နှစ်ပေါင်းများစွာဖြစ်ပွားခဲ့ပါပြီ ဆီမိုက်ကမ္ဘာဟုအမည်တွင်နေသည့် ဂျူး၊ အာရပ်၊ မိနီးရှင်း၊ အာဆီးရီးယား၊ လူမျိုးများ၏ဒေသအပေါ်အနောက်နိုင်ငံများက အထူးစိတ်ဝင်စားနေရခြင်း၏အကြောင်းရင်းတစ်ရပ်မှာရေနံပင်ဖြစ်ပါသည်။ ထိုဒေသတွင်အာဗြဟံ၊ ဣရှမေလ၊ ဣဇာက်တို့၏ခေတ်မှစ၍ အကြမ်းဖက်မှုများဖြစ်ပွားလာခဲ့သည်မှာ ရာစုနှစ်ပေါင်း ၄၀ ပင်ပြည့်တော့ပေမည်။ အရှေ့အလယ်ပိုင်းပြဿနာထဲသို့ပါဝင်လာကြသည့် နိုင်ငံများသည် ပြန်ထွက်ရန်မဖြစ်နိုင်တော့သည့် အရှုပ်တော်ပုံဝဲကတော့ တဲသို့ဝင်ရောက်နေခြင်းပင်ဖြစ်သည်။

ဖြေရှင်းရန်မဖြစ်နိုင်သည့် အခက်အခဲပြဿနာများ၏ ဗဟိုဆောင်ပုဒ်အပေါ် ပြောင်းလဲစေသော အလျင်အမြန်ပြောင်းလဲနေသည့် မြင်ကွင်းများကိုတွေ့မြင်ရလျက်ရှိသော အရှေ့အလယ်ပိုင်းဒေသအကြောင်းကို နေ့စဉ်နှင့်အမျှသတင်းပေးပို့နေကြပါသည်။ ၄င်းပြင်ထိုအရှုပ်တော်ပုံများ၌ ပါဝင်ပတ်သက်လာကြသည့် အခြားနိုင်ငံများ၏ပြည်တွင်း မငြိမ်မသက်မှုများ၊ နယ်ခြားအငြင်းပွားမှုများနှင့် သံတမန်ရေးရာပြဿနာများ၏မြင်ကွင်းများကိုလည်း တွေ့မြင်နေရပါသည်။ ဤနေရာတွင်နိုင်ငံရေးကြိုတင်သုံးသပ်မှုများကို ကျွန်ုပ်တို့အဓိကထားပြောဆိုလိုခြင်းမရှိပါသော်လည်း ‘ မည်သည့်အချိန်တွင် မည်သို့ ငြိမ်းချမ်းရေးရနိုင်မည်နည်း’ ဟူသောမေးခွန်းကိုမူအဖြေပေးလိုပါသည်။

ထာဝဘုရား၏နှုတ်ကပတ်တော်က ယုံကြည်စိတ်ချနိုင်လောက်သည်။

အဖြေတစ်ခုကိုပေးထားပါသည်။ ဤအကြောင်းအရာကိုရှင်းလင်းစွာနားလည်သဘောပေါက်ရန် ဂျူး ခရစ်ယာန်နှင့်တကွ မွတ်စလင်များကပါလေးစားရိုသေသည့်ပုရောဖက်ကြီးတစ်ပါးဖွင့်ဆိုခဲ့သော သမ္မာတရားများကိုအခြေပြုလျက်သုံးသပ်ကြည့်ကြပါ။ ထိုပုရောဖက်မှာလွန်ခဲ့သောနှစ်ပေါင်း ၂၇၀၀ လောက်က သက်ရှင်ထင်ရှားရှိခဲ့သော ပုရောဖက်ဟေရှာယပင်ဖြစ်ပါသည်။ သူရရှိခဲ့သောရူပါရုံများသည် ယခုရင်ဆိုင်နေရသောပြဿနာပေါင်းစုံအချိန်မှသည် ငြိမ်သက်ခြင်းနှင့်ပြည့်စုံသောရွှေခေတ်တိုင် ကျော်လွှားဖုံးအုပ်ထားပါသည်။

ငြိမ်သက်ခြင်းအရှင်ဖြစ်တော်မူသော မေရှိယသည် ၎င်း၏စကြာဝဠာအတိုင်းအတာရှိသော ငြိမ်သက်ခြင်းကမ္ဘာကိုတည်ထောင်တော်မူလိမ့်မည်ဟု ထာဝရဘုရားကတိထားတော်မူခဲ့ပါသည်။ "အကြောင်းမူကား ငါတို့အဖို့သူငယ်ကိုဖွားမြင်၏။ ငါတို့အားသားကိုပေးသနားတော်မူ၏။ ထိုသူသည်အုပ်စိုးခြင်း အာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်တိုင်ပင်ဖက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဖ၊ ငြိမ်သက်ခြင်းအရှင် ဟုခေါ်ဝေါ်သမုတ်ခြင်းကိုခံတော် မူလိမ့်မည်။ ဒါဝိတ်မင်း၏ရာဇပလ္လင်ပေါ်မှာထိုင်၍ နိုင်ငံတော်ကိုနောင်ကာလ အစဉ်မပြတ်တရားတော်အတိုင်းဖြောင့်စွာစီရင်၍ အမြဲတည်စေတော်မူမည် အကြောင်းအာဏာတော်တိုးတက်ခြင်းနှင့်ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲရှိ လိမ့်မည်။ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် အလိုတော်အားကြီး၍ ထိုအမှုကိုပြီးစီးစေတော်မူလိမ့်မည်။" ဟေရှာ ၉း၆-၇

"စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်းစောင့်ရှောက်တော်မူလိမ့်မည်" ဟူ၍ ထာဝဘုရားအပေါ်ချစ်ခင်လေးစားသူအားလုံးသည် ငြိမ်သက်ခြင်းအကျိုးကိုခံစားရမည်အကြောင်းဖွင့်ဆိုထားပါသည်။

သမ္မာကျမ်းစာတွင်ဖော်ပြထားသည့်ဘုရားကို ကိုးကွယ်သူအပေါင်းတို့၏ အသက်တာသည်ငြိမ်သက်ခြင်းနှင့်ပြည့်စုံကြလိမ့်မည်။ "အိုထာဝရဘုရား ကိုယ်တော်သည်အကျွန်ုပ်တို့အားငြိမ်သက်ခြင်းကိုပေးတော်မူလိမ့်မည်။ အကြောင်းမူကား အကျွန်ုပ်တို့ကိုအစိုးရကြပါပြီ။ ယခုမူကား ကိုယ်တော်အားဖြင့်သာ နာမတော်ကိုချီးမွမ်းကြပါမည်။" ဟေရှာ ၂၆း၁၂-၁၃

ဘုရားသခင်၏တန်ခိုး၌ခိုလှုံခြင်းသည်လည်း ငြိမ်သက်ခြင်းကိုရရှိစေနိုင်ပါသည်။ " Let him take hold of my strength, that he may make peace with Me, and he shall make peace with Me" ဟူ၍ဟေရှာ ၂၇း၅ တွင်ဖော်ပြထား

ချက်အရငြိမ်သက်ခြင်းရရှိခံစားနိုင်ရန်အလို၄ါ ကျွန်ုပ်တို့သည်ကိုယ်တော်ရှင်၏ အစွမ်းသတ္တိကိုကိုးစားကြရပါမည်။

စိတ်နှလုံးထဲတွင်ရရှိထားသည့်ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် စိုးရိမ်ပူပန်မှုများကိုပြေပျောက်စေကားငြိမ်သက်မှုကိုရရှိခံစားစေနိုင်ကြောင်း ဟေရှာယကဖွင့်ဆိုထားပြန်ပါသည်။ "ဖြောင့်မတ်ခြင်းအကျိုးမူကားထာဝရငြိမ်သက်ခြင်းနှင့်လုံခြုံခြင်းတည်း" (၃၂း၁၇)

ဘုရားသခင်၏ပညတ်တော်နှင့်အညီအသက်မရှင်လျှင် စစ်မှန်သောငြိမ်သက်ခြင်းကိုမရရှိနိုင်ပါ။ "သင်သည်ငါ၏ပညတ်တို့ကိုစောင့်ရှောက်ပါစေသောသို့ပြုလျှင်သင်၏ချမ်းသာသည်မြစ်ကဲ့သို့လည်းကောင်း၊ သင်၏ဖြောင့်မတ်ခြင်းပါရမီသည် သမုဒ္ဒရာလှိုင်းတံပိုးကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်" ဟေရှာ ၄၈း၁၈

ကျွန်ုပ်တို့ကိုယ်စားဆင်းရဲဒုက္ခနှင့်အသေခံခြင်းကို ကိုယ်တော်ရှင်ရင်ဆိုင်ကျော်လွှားခဲ့ခြင်းကြောင့် ငြိမ်သက်ခြင်းအခွင့်ကိုကျွန်ုပ်တို့သည်ရရှိလိမ့်မည်ဖြစ်ကြောင်းမေရှိယအရှင်က ကျွန်ုပ်တို့အားအခွင့်အရေးပေးသနားတော်မူထားပါသည်။ "ထိုသူသည်ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည်သူ့အပေါ်သို့ရောက်၍ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည်အနာပျောက်လျက်ရှိကြ၏" ဟေရှာ ၅၃း၅

ကိုယ်တော်ရှင်၏အကျင့်များနှင့် နှုတ်တော်ထွက်စကားများသည် အောင်ပွဲဆင်ကာ လူတို့သည်ငြိမ်သက်ခြင်းခံစားစဉ်တွင် ထာဝရထွန်းလင်းတောက်ပနေကြလိမ့်မည်။ "ငါ၏အကျင့်သည်သင်တို့၏အကျင့်ထက်လည်းကောင်း၊ ငါ၏အကြံအစည်သည်သင်တို့၏ အကြံအစည်ထက်လည်းကောင်း သာ၍မြင့်၏။ ငါ၏နှုတ်ကပတ်စကားသည် အကျိုးမရှိပဲငါ့ထံသို့မပြန်ရ။ ငါ့အလိုကိုပြည့်စုံစေမည်။ ငါစေခိုင်းသောအမှု၌အောင်လိမ့်မည်။ သင်တို့သည်ဝမ်းမြောက်သောစိတ်နှင့်ထွက်၍ချမ်းသာစွာပို့ခြင်းကိုခံရကြလိမ့်မည်။" (၅၅း၉၊ ၁၁း၁၂)

ထာဝရဘုရားသည်ငြိမ်သက်ခြင်း၏အရှင်ဖြစ်တော်မူ၏။ ဒုစရိုက်ကျူးလွန်သူများနှင့်ပုန်ကန်ခြားနားသူများသည် နောင်တရပြီးဘုရားသခင့်ထံတော်သို့ပြန်မလာကြလျှင် ငြိမ်သက်ခြင်းကိုရရှိကြလိမ့်မည်မဟုတ်ချေ။ "ငါသည်နှုတ်ခမ်းအသီးကိုဖန်ဆင်း၏။ ဝေးသောသူ၌လည်းကောင်း၊ နီးသောသူ၌လည်းကောင်း၊ ငြိမ်သက်ခြင်းဖြစ်စေ၊ ငြိမ်သက်ခြင်းဖြစ်စေ သူ၏အနာကိုငါပျောက်စေမည်ဟု ထာဝရဘုရားမိန့်တော်မူ၏။ မတရားသောသူတို့မူကား၊ မငြိမ်နိုင်ပဲလှုပ်ရှား၍ ရွှံ့နှင့်အမှိုက်ကို

ပက်သောပင်လယ်ရေနှင့်တူကြ၏။ မတရားသောသူတို့၌ငြိမ်သက်ခြင်း မရှိဟု ငါ၏ဘုရားသခင်မိန့်တော်မူ၏။" (၅၇း၁၉-၂၁)

ထာဝရဘုရားသခင်၏သမ္မာတရားနှင့်ကရုဏာတော်ဆိုင်ရာ ပဋိညာဉ်ကို လက်ခံသူအပေါင်းတို့အတွက် ထာဝရဘုရားကတိထားတော်မူသည်မှာ မြစ်ကဲ့သို့ချမ်းသာကိုလည်းကောင်း၊ စီးသောရေကဲ့သို့တပါးအမျိုးသားတို့၏စည်းစိမ်ကိုလည်းကောင်း ယေရုရှင်လင်မြို့သို့ ငါရောက်စေမည်" ဟူ၍ဖြစ်၏။

ဟေရှာ ၆၆း၁၂

ထိုကြောင့်ငြိမ်သက်ခြင်း (ငြိမ်းချမ်းရေး) ဆိုသည်မှာ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများ၏ရလဒ်မဟုတ်ပဲ ထာဝရဘုရားသခင်၏အဓိက ကြန်အင်လက္ခဏာတစ်ခုဖြစ်ကြောင်းကို ကျွန်ုပ်တို့မြင်တွေ့ကြရပါပြီ ကျွန်ုပ်တို့၏အသက်တာသည်ကိုယ်တော်ရှင်၏အကျင့်များနှင့် အညီရှင်သန်ကြီးထွားကြမည်ဆိုလျှင် လောကမှာရှာမတွေ့နိုင်သည့်ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့ခံစားကြရလိမ့်မည်။

ယနေ့ကမ္ဘာတွင်နေထိုင်သူများ၏အသက်အိုးအိမ်များကိုဖျက်ဆီးနေသောရက်စက်မှုများနှင့်မတရားမှုများအဆုံးသတ်စေမည့် ငြိမ်သက်ခြင်းဆိုင်ရာ ထာဝရနိုင်ငံတော်ကြီးတည်လုနီးပြီဖြစ်ကြောင်းကိုလည်း နှုတ်ကပတ်တော်တွင် ဖွင့်ဆိုထားပါသည်။

**ခရစ်တော်လျှို့ဝှက်စွာဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို သမ္မာ ကျမ်းစာကမည်သို့သွန်သင်ထားပါသနည်း။**

Rapture ဆိုသည့်စကားလုံးကိုသမ္မာကျမ်းစာတွင်မတွေ့ရပါ။ သို့ရာတွင် ထိုဝေါဟာရသည်ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းကို အနက်ဖွင့်ရန်အသုံးပြုသောဝေါဟာရဖြစ်နေပါသည်။ (ဤဝေါဟာရ၏အဘိဓါန်အဓိပ္ပါယ်မှာ ပီတိသောမနာသဖြစ်ခြင်းဖြစ်သည်။) ဤအကြောင်းကိုရှင်းလင်းပြရန် ကျမ်းချက်အချို့နှင့် အစပြုကြပါစို့။

၁။ ယောဟန် ၁၄း၁-၃ မိမိတဖန်ပြန်လာမည်ဖြစ်ကြောင်း ခရစ်တော်ကတိပေးထားသည်။

၂။ တမန် ၁း၉-၁၁ ထိုကတိတော်ကိုကောင်းကင်တမန်များက မှန်ကန်ကြောင်းသက်သေခံကာအတည်ပြုထားသည်။

၃။ ဗျာဒိတ် ၁း၇ ကိုယ်တော်ပြန်လာခြင်းကိုလူတိုင်းမျက်စိဖြင့်မြင်ကြရမည်။

၄။ မဿဲ ၂၄း၂၇ ကောင်းကင်ယံတွင်လျှပ်စစ်လက်သောအခါအရှေ့မှ

အနောက်သို့တိုင်ထွန်းလင်းသလို ကိုယ်တော်ကြွလာခြင်းသည်ဖြစ်လိမ့်မည်။

၅။ ၁သက် ၄း၁၆-၁၇ နားဖြင့်ကြားရမည့်အဖြစ်အပျက်လည်းဖြစ်သည်။ ထမြောက်စေပြီးသည့် ဖြောင့်မတ်သူများသည် အသက်ရှင်လျက်ရှိသော ဖြောင့်မတ်သူများနှင့်အတူ ကောင်းကင်သို့ ချီဆောင်ခြင်းကို ခံကြရလိမ့်မည်။

၆။ ၁ကော ၁၅း၅၁-၅၄ ထာဝရဘုရားသည်လူသားများအားမသေနိုင်သည့် သဘာဝကိုပေးသနားလိမ့်မည်။

၇။ မဿဲ ၁၆း၂၇ ကိုယ်တော်ရှင်သည်အကျင့်အသီးသီးတို့အတွက် အကျိုးအပြစ်ကိုဆောင်ကာ ကြွလာတော်မူလိမ့်မည်။

၈။ ဗျာ ၆း၁၄-၁၇ လူယုတ်မာများသည် ကိုယ်တော်ရှင်ကြွလာသောအခါ ကြောက်ရွံ့ကာတောင်များ၊ ကျောက်များကိုမိမိတို့အပေါ်သို့ ကျဖို့တောင်းဆိုကြလိမ့်မည်။

၉။ မဿဲ ၁၃း၃၇-၄၃ မကောင်းဆိုးဝါးများကိုမီးဖြင့်ရှင်းပစ်ကာ လူကောင်းများ ထာဝရအသက် အပ်နှင်းပေးတော်မူလိမ့်မည်။

၁၀။ ဟေရှာ ၂၅း၉ ဖြောင့်မတ်သူများသည် ကြွလာခြင်းကိုတွေ့မြင်ရသဖြင့် ဝမ်းမြောက်နေကြလိမ့်မည်။

၁၁။ ဗျာဒိတ် ၁၉း၁၁-၁၆ ကိုယ်တော်ရှင်သည်ကောင်းကင်ဗိုလ်ခြေများကို ဦးဆောင်ကာ အောင်ပွဲရဘုရင်တစ်ပါး၊ သခင်တစ်ပါးကဲ့သို့ ပြန်လည်ကြွချီ လာလိမ့်မည်။

၁၂။ တိတု ၂း၁၃ ကိုယ်တော်ရှင်၏ကြွလာခြင်းသည် ပျောက်ဆုံးနေသော လူသားများအတွက်မင်္ဂလာမြော်လင့်ခြင်းဖြစ်သည်။

၁၃။ ဗျာ၂၂း၁၁-၁၂၊၁၇-၂၀ ထိုကြွလာခြင်းအတွက်ပြင်ဆင်ကြရန် ခရစ်တော် တောင်းဆိုနေသည်။

ခရစ်တော်သည်လူမသိ သူမသိ လျှို့ဝှက်စွာကြွလာမှာဖြစ်သလား။ "လယ်၌ ရှိသောလူနှစ်ယောက်တို့တွင် တစ်ယောက်ကိုသိမ်းယူ၍ တစ်ယောက်မူကားနေရစ်ရလတ္တံ့" ဟုကျမ်းစာလာပါသည်။ မဿဲ ၂၄း၄၀

ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းသည် လူသူမသိလိုက်ရပဲ လျှို့ဝှက်စွာဖြစ်ပျက်မည့်အရာတစ်ခုမဟုတ်ကြောင်းကို သမ္မာကျမ်းစာကအတိအလင်းရှင်းထားပါသည်။ (ဗျာဒိတ် ၁း၇၊ ဆာလံ ၅၀း၃၊ ၁သက် ၄း၁၆၊ မဿဲ ၂၄း၂၇)

ချန်ထားခြင်းခံရသူများအကြောင်းကို ဖွင့်ဆိုရာတွင်၎င်းတို့အား အသက်ရှင်လျက်ချန်ထားခဲ့မည်ဟု သမ္မာကျမ်းစာမဆိုလိုပါ။ ဤအကြောင်းကို လုကာ ၁၇း၂၆-၃၇ တွင်အသေးစိတ်ရှင်းပြထားပါသည်။ နောဧအချိန်ကလည်း အဖွဲ့နှစ်ဖွဲ့သာရှိခဲ့ပါသည်။ တစ်ဖွဲ့မှာကယ်တင်ခြင်းခံခဲ့ရပြီး ကျန်တစ်ဖွဲ့မှာရေအားဖြင့်ဖျက်ဆီးခြင်းခံကြရသည်။ လောတအချိန်ကလည်း နှစ်ဖွဲ့ပင်ဖြစ်ပသည်။ တစ်ဖွဲ့မှာမြို့ထဲမှထုတ်ဆောင်လာကာ အကယ်တင်ခံလိုက်ရပြီး ကျန်တစ်ဖွဲ့မှာမီးအားဖြင့်ဖျက်ဆီးခြင်းခံခဲ့ရသည်။ ထိုနည်းနှစ်နည်းနှင့် ခရစ်တော်ကြွလာသောအခါ တွင်ဖြစ်ပျက်ပါလိမ့်မည်။ (လုကာ ၁၇း၃၀-၃၇) တစ်ဖွဲ့မှာကယ်တင်ခြင်းခံရကာ ခရစ်တော်နှင့်အတူကောင်းကင်သို့ယူဆောင်သွားခြင်းခံရပြီး ကျန်တစ်ဖွဲ့မှာ ဖျက်ဆီးခြင်းခံရလိမ့်မည်။ "သခင်-အဘယ်အရပ်၌ထိုသို့ဖြစ်ပါမည်နည်း" ဟုတမန်တော်များကမေးကြစဉ်တွင် ရှင်းလင်းသောခရစ်တော်၏အဖြေမှာကား "အသေကောင်ရှိရာအရပ်၌ ရွှေလင်းတတို့သည်စုဝေးကြလတ္တံ့" ဟူ၍ဖြစ်၏။ (လုကာ ၁၇း၃၇) ဆိုးယုတ်သူများသည် ခရစ်တော်ကြွလာသောအချိန်တွင် အဖျက်ဆီးခံကြရလိမ့်မည်ဟု (ဗျာဒိတ် ၁၉း၁၁-၁၈) ကလည်းရှင်းလင်းထားပါသည်။ (၂သက် ၁း၇-၉၊ ၂း၈) တို့ကိုလည်းဖတ်ရှုကြပါ။

ခရစ်တော်သည်သူခိုးတစ်ဦးကဲ့သို့ကြွလာမည်ဟု သမ္မာကျမ်းစာကသွန်ထားသည်မဟုတ်ပါလား။ (၁သက် ၅း၂)

သူခိုးကဲ့သို့ခရစ်တော်ကြွလာမည်ဟုဆိုရာတွင် မမြော်လင့်သည့်အချိန်တွင်ကြွလာမည်ဖြစ်ကြောင်းကိုသာရည်ညွှန်းပြီး၊ ကြွလာပုံကြွလာနည်းကို ရည်ညွှန်းခြင်းမဟုတ်ပါ။ ကိုယ်တော်ရှင်သည်သူခိုးတစ်ဦးအလား၊ မမြော်လင့်သောအချိန်တွင်အလျင်အမြန်ကြွလာမည်ဖြစ်သော်လည်း ဘုန်းတော်နှင့်ပြည့်စုံစွာကြွလာမည်ဖြစ်ပါသည်။ (မဿဲ ၂၄း၄၂-၄၄၊ ၁သက် ၅း၁-၅၊ မဿဲ ၂၄း၂၇)

ဘုရားသခင်၏လူတို့သည် ဖြစ်ပျက်တော့မည့်ဒုက္ခဆင်းရဲခြင်းကာလတစ်လျှောက်လုံးတွင်အသက်ရှင်နေထိုင်ကြ ရလိမ့်မည်လား။ သို့မဟုတ်ထိုဒုက္ခဆင်းရဲခြင်းနှင့်မတွေ့ဆုံမီ ကယ်တင်ခြင်းကိုခံကြရလိမ့်မည်လား။

ရှေးခေတ်ဣသရေလများ၏အတွေ့အကြုံသည် ကပ်ကာလအကုန်တွင်အသက်ရှင်ကြမည့်သူများအတွက် ပုံသက်သေတစ်ခုအဖြစ်ဘုရားသခင်ပေးသနားတော်မူပါသည်။ ထိုဣသရေလများအား ဘေးဒဏ်များကိုရင်ဆိုင်ပြီးမှ အီဂျစ်ပြည်မှထာဝရဘုရား ကယ်နုတ်တော်မူသည့်နည်းတူ အသင်းတော်ကိုလည်း ဒုက္ခဆင်းရဲခြင်းကာလတစ်လျှောက်လုံးတွင် ထာဝရဘုရားကာကွယ်စောင့်ရှောက်

ကာ နှိပ်စက်သူများ၏လက်ထဲမှ ကယ်နုတ်တော်မူလိမ့်မည်။ (၁ကော ၁၀း၁၁၊ ဆာလံ ၉၁၊၄၆) ရှဒရက်၊ မေရှက်၊ အဗေဒနေဂေါ တို့သည်ဗာဗုလုန်ရှင်ဘုရင်၏အမိန့်ကိုလိုက်လျှောက်ဖို့ငြင်းဆန်သဖြင့် မီးလျှံထဲသို့ရောက်ခဲ့ကြရ၏။ ထာဝရဘုရားသည်၎င်းတို့အားထိုမီးလျှံထဲမှ အံ့ဩဖွယ်ကယ်နုတ်ခဲ့ပါသည်။ သေခြင်းကိုအန်တုသည့်၎င်းတို့၏ ယုံကြည်ခြင်းကြောင့်မီးလျှံကို ၎င်းတို့ရင်ဆိုင်ခဲ့ရပါသည်။ (ဒံ ၃း၁၆-၂၈) ကိုယ်တော်ရှင်သည်သူခိုးတစ်ဦးပမာ ဒုက္ခဆင်းရဲကာလပြီးမှကြွလာပါသည်။ (ဗျာဒိတ် ၁၆း၁၆) အကယ်၍သာ ဒုက္ခဆင်းရဲခြင်းကာလမတိုင်မီကတည်းက ကိုယ်တော်ရှင်သည်သူခိုးတစ်ဦးပမာ လာပြီးပြီဆိုလျှင်ဘေးဒဏ်ကြီး ၆ ပါးကိုသွန်းလောင်းပြီးမှ သူခိုးတစ်ဦးပမာငါကြွလာမည်ဆိုသည့် မိန့်ဆိုချက်သည်အဓိပ္ပါယ်ရှိပါဦးမည်လား၊ ထိုကြောင့်ဘေးဒဏ်ကြီး ခုနစ်ပါး မကျပြီး မချင်းမည်သူမျှကောင်းကင်သို့မရောက်နိုင်သေး ဟု ဗျာဒိတ် ၁၅း၈ ကဖွင့်ဆိုထားပါသည်။ ခရစ်တော်မကြွလာမီတွင် အန္တိခရစ်သည်ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ကြွလာခြင်း၏ဘုန်းရောင်ခြည်တော်အားဖြင့် ထိုအန္တိခရစ်ကို ဖျက်ဆီးပစ်တော်မူမည်ဖြစ်ကြောင်းများကို ၂ သက် ၂း၁-၃၊ ၈ တို့တွင်ရှင်းလင်းစွာဖေါ်ပြထားပါသည်။

ဖြောင့်မတ်သူများသည် (၇) နှစ်တာ ကြာရှည်မည့်ဒုက္ခဆင်းရဲခြင်း ကပ်ကာလအစတွင်၎င်း တို့ရရှိမည့် ဆုကျေးဇူးကိုလက်ခံရရှိကာ လူယုတ်မာများသည် ထို (၇) နှစ်တာကာလအဆုံးတွင်ပြစ်ဒဏ်စီရင်ခြင်းခံရမည်ဟု သမ္မာကျမ်းစာက သွန်သင်ထားသည်မဟုတ်လား။

ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းသည် အထွဋ်အထိပ်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ခရစ်တော်မိန့်ဆိုသည့်ပုံပမာများကရှင်းထားပါသည်။ ထိုအချိန်တွင်ကယ်တင်ခြင်းနှင့်ကျရှုံးခြင်းအနက် တစ်ခုခုကိုလူတို့ရင်ဆိုင်ကြရမည်။ အသက်တာများကိုသုံးသပ်ရန် (၇) နှစ်အချိန်ကန့်သတ်ခြင်းမျိုးမရှိပါ။ ယနေ့သည်ကယ်တင်ခြင်းအတွက်နေ့ရက်ဖြစ်သည်။ (၂ကော ၆း၂) မဿဲ ၁၃း၃၀ တွင်စပါးပင်နှင့်ပေါင်းပင်တို့သည်ရိတ်သိမ်းရာကာလအထိ အတူတကွပေါက်ကြလိမ့်မည်ဟု ဖေါ်ပြထားသည်။ ဖြောင့်မတ်သူများကယ်တင်ခံရသောအချိန်တွင် လူယုတ်မာများမှာအဖျက်ဆီးခံကြရမည်။ သစ္စာမဲ့ကျွန်အကြောင်းပြောသည့် ပုံပမာထဲတွင်လည်း ဒုတိယအခွင့်အရေးအကြောင်းကိုဖေါ်ပြမထားပါ။ သခင်ပြန်လာသောအချိန်တွင် သစ္စာမရှိသူများသည် ဆုံးရှုံးခြင်းသို့ရောက်ကြလိမ့်မည်။ (မဿဲ ၂၄း၄၄-၅၁) သိုးနှင့်ဆိတ်ပုံပမာထဲ၌လည်း လူတို့သည်ကိုယ်တော်ကြွလာသောအချိန်၌ ကယ်တင်ခြင်းသို့မဟုတ် ဆုံးရှုံးခြင်းကိုခံစားကြရမည်ဖြစ်ကြောင်း ဖေါ်ပြထား

ပါသည်။

**ခရစ်တော်၏အချစ်ဧောက ကျွန်ုပ်တို့အားမည်သို့ပြောင်းလဲသွားစေနိုင် ပါသနည်း။**

ကျွန်ုပ်တို့ကြည့်ရှုနေသောအရာအားဖြင့် ကျွန်ုပ်တို့၏စိတ်နှလုံးသည် ပြောင်းလဲသွားကြောင်း သမ္မာကျမ်းစာကသွန်သင်ထားပါသည်။ (သုတ္တံ ၂၃း၇) ကြည့်သောအရာအတိုင်း ကျွန်ုပ်တို့ဖြစ်လာတတ်သည်ဟူသော လူသားများ၏ စိတ်ပိုင်းဆိုင်ရာနိယာမကို ဤကျမ်းချက်ကဖော်ပြနေခြင်းဖြစ်သည်။ အသက်တာ တွင်ကျွန်ုပ်တို့တွေ့ကြုံရင်ဆိုင်ရသော အရာတိုင်း၌အကောင်းနှင့်အဆိုးသည်ဒွန် တွဲနေတတ်သည်။ သို့ရာတွင်လူသားတို့၏ပြဿနာသဘောထားအရ အဆိုးကိုသာ ပို၍အာရုံပြုတတ်ကြပါသည်။

သမ္မာကျမ်းစာသည်အပျက်သဘောကိုဆောင်သည့် အရာများကိုအသေ အချာဖော်ပြထားပါသည်။ အကြောင်းမှာထိုအရာများသည်အဖြစ်မှန်များဖြစ်ကြ သည်။ စာတန်နှင့်သူ့အပေါင်းပါများအသုံးပြုသော နည်းများသည်လည်းသမ္မာ ကျမ်းစာပါအဖြစ်မှန်များ၏ ကဏ္ဍမှန်တစ်ခုဖြစ်ပါသည်။ သို့စေကာမူထိုအရာနှင့် တူလာသည့်အထိ ထိုအရာအပေါ်၌ကျွန်ုပ်တို့၏စိတ်ကိုအာရုံစိုက်ရန်မှာ ဖြစ်နိုင်ပါ သည်။ အကြမ်းဖက်ခြင်း၊ လိမ်ညာခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်း၊ သစ္စာဖောက်ခြင်း၊ မာနထောင်လွှားခြင်း၊ လောဘလွန်ကျူးခြင်း အပါအဝင်မကောင်းမှုဒုစရိုက်များ တို့သည်ဖော်ပြခဲ့သောအရာများတွင် ကဏ္ဍတစ်ခုဖြစ်ပါသည်။ လောကတွင် အသက်ရှင်စဉ်က ခရစ်တော်သည်ထိုအရာများကို ဖေါ်ထုတ်တော်မူခဲ့ပါသည်။

နူးညံ့သိမ်မွေ့ခြင်း၊ ခွင့်လွှတ်ခြင်း၊ နှိမ့်ချခြင်း၊ မှန်ကန်မှုရှိခြင်း၊ တရားမျှ တခြင်းနှင့်ကရုဏာရှိခြင်းများကိုလည်း သမ္မာကျမ်းစာတွင်လည်းကောင်း၊ ခရစ်တော်၏အသက်တာတွင်လည်းကောင်းဖော်ပြထားပါသည်။ မိမိကိုယ်ကို စာတန်၏မကောင်းသောအကျင့်စရိုက်များဖြင့် ကျွန်ုပ်တို့ထိတွေ့စေလျှင် သူနှင့် ပို၍တူလာကြလိမ့်မည်။ သို့ရာတွင်ကျွန်ုပ်တို့သည်သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြမှုအောက်တွင် သမ္မာကျမ်းစာအတွက်အချိန်ပို၍ပေးကြမည်ဆိုလျှင် အသက်တာ၏အကောင်းအဆိုးအဖြစ်မှန်များကို ဟန်ချက်ညီညီတွေ့မြင်ကြပါ လိမ့်မည်။ အကျိုးဆက်အနေဖြင့်ကိုယ်တော်ရှင်နှင့် တူလာဖို့ကျွန်ုပ်တို့၏အသက် တာသည်ပြောင်းလဲလာပါလိမ့်မည်။ ကြီးမြတ်သောပြောင်းလဲမှုတစ်ခုပါတကား။

ယေရှုခရစ်သည် သင်ထောက်ကူပစ္စည်းအဖြစ်အထည်ဒြပ်များကို အသုံး ပြုကာဝိညာဉ်ရေးသင်ခန်းစာများကို သွန်သင်တော်မူခဲ့ပါသည်။ သို့ရာတွင်

ကိုယ်တော်၏တရားနာပရိသတ်များမှာ ကိုယ်တော်အသုံးပြုသည့်အထည်ဒြပ်များကိုပို၍နားလည်သည့်အကြိမ်နည်းလှသည်။ မက်လ်ဂစ်ပဆင်၏ "The Passion of the Christ " ဆိုသည့်ရုပ်ရှင်ကားကိုကြည့်ခြင်းအားဖြင့် အသေခံခဲ့သောခရစ်တော်၏သွေးထွက်သံယိုဖြစ်နေသည့် ကိုယ်ခန္ဓာမြင်ကွင်းကြီးသည်တုံ့ပြန်တတ်သောစိတ်နှလုံးထဲသို့စိမ့်ဝင်သွားကာ အာရုံပြုလေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့ရရှိထားသည့်နက်ရှိုင်းသော ဝိညာဉ်ရေးသင်ခန်းစာများသည် မှေးမှိန်သွားလိမ့်မည်လား။

ကျေးဇူးတော်ကြောင့်ကျွန်ုပ်တို့ခရစ်တော်နှင့်ပို၍တူလာသော အချိန်တွင် ဝမ်းနည်းစရာများ၊ သွေးထွက်သံယိုမှုများနှင့်အကြမ်းဖက်ခြင်းများကို စိတ်မဝင်စားတော့ပဲကျွန်ုပ်တို့ရှောင်ရှားကြလိမ့်မည်မဟုတ်ပါလား။

၉၇။ ခရစ်တော်၏အချစ်ဇောက မည်သည့်အရာကိုကျွန်ုပ်တို့အားသွန်သင်ပေးနေသနည်း။

The Passion of the Christ ရုပ်ရှင်ကားကြောင့်လွန်ခဲ့သောအနှစ် ၂၀၀၀ ကျော်ကအဖြစ်မှန်တစ်ခုကို လူတွေအာရုံပြုလာကြပါသည်။ ထိုကဲ့သို့သောအကြမ်းဖက်မှုမျိုးသည် ဘုရားသခင်ဘက်မှမေတ္တာပြသည့်သဘော အဘယ်သို့ဖြစ်နိုင်မည်နည်းဟုမေးခွန်းထုတ်နေကြပါသည်။ ကပ်တိုင်၏ရက်စက်ကြမ်းကြုတ်မှုမှာအမှန်တကယ်ဖြစ်နေလျှင်တောင်မှ ဟောလီဝုဒ်သည်ဘုရား၏မေတ္တာတော်အကြောင်းရှင်းလင်းပြသခြင်းထက် အကြမ်းဖက်မှုများကိုသရုပ်ဖော်ခြင်းကပို၍သာလွန်ကောင်းမွန်နေသလားဟုမေးခွန်း ထုတ်ရတော့မည်ဖြစ်သည်။

ဤရုပ်ရှင်ကားသည်ကပ်တိုင်ကပေးသည့်အလင်းထက် ကပ်တိုင်၏အရိပ်ကိုအသားပေးမိတာ မဖြစ်နိုင်ဘူးလား။ မှန်ကန်သော်လည်းအကျည်းတန်အရုပ်ဆိုးသောအကွက်တစ်ခုကို ပုံကြီးချဲ့နေတာကောမဖြစ်နိုင်ဘူးလား။

သမ္မာကျမ်းစာတွင်ကပ်တိုင်သည် အကောင်းနှင့်အဆိုးအလင်းနှင့်အမှောင်တို့၏ တိုက်လှန်ပွဲတွင်ဗဟိုအချက်အခြာတွင်ရှိနေပါသည်။ ထိုကပ်တိုင်ကြောင့်ရရှိခံစားရမည့် လွတ်ခြင်းအခွင့်၊ ဝမ်းမြောက်ခြင်းနှင့်ပျော်ရွှင်ခြင်းများအကြောင်းကိုသမ္မာကျမ်းစာ၌ ပြောစရာအများကြီးရှိပါသည်။

စုံလင်သောပျော်ရွှင်ခြင်းမှခွဲခွာသွားသည့်အခါတိုင်း ဘုရားသခင်၏နှလုံးသားကိုထိခိုက်နာကျင်စေသည့်အရာတစ်ခုကို ကပ်တိုင်ကဖေါ်ပြနေပါသည်။ “သူတို့သည်မိမိတို့ထိုးဖေါက်သော ငါ့ကိုရှုမြင်ရကြလိမ့်မည်။ တစ်ယောက်တည်းသောသားအတွက် အဘသည်ငိုကြွေးမြည်တမ်းသကဲ့သို့ နာကြဉ်းရကြလိမ့်မည်”

ဟုကျမ်းစာကဖွင့်ဆိုထားပါသည်။ (ဇာခရိ ၁၂း၁၀) အပြစ်၏ဝမ်းနည်းဖွယ်ရာအကြောင်းကိုသရုပ်ဖော်ရန် သားဦးအပေါ်ထားရှိသည့်မိခင်ဖခင်များ၏ မေတ္တာဂရုဏာကိုဤနေရာတွင် ထာဝရဘုရားအသုံးပြုထားပါသည်။

အပြစ်ကင်းသူများအားမည်ကဲ့သို့အပြစ်က ထိခိုက်နစ်နာစေကြောင်းကိုဖော်ပြရန် သိုးသငယ်ယဇ်ပူဇော်ခြင်းကို သမ္မာကျမ်းစာတွင်ထာဝရဘုရား အသုံးပြုထားပါသည်။ "ထိုသူသည်ညှင်းဆဲခြင်းနှင့်နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမဖွင့်ပဲနေ၏ အသေသတ်ခြင်းငှာ ဆောင်သွားသောသိုးသငယ်ကဲ့သို့သူ့ကိုဆောင် သွား၍ သိုးသည် အမွေးညှပ်သောသူရှေ့မှာ မမြည်ပဲနေသကဲ့သို့သူသည်နှုတ်ကို မဖွင့်ပဲနေ၏" ဟူ၍ခရစ်တော်အကြောင်းကို သမ္မာကျမ်းစာကဖွင့်ဆိုထားပါသည်။ (ဟေရှာ ၅၃း၇) တိရိစ္ဆာန်များအပေါ်ရက်စက်စွာ ကျင့်ဆောင်သည်ကိုလူအများမကြိုက်ကြပါ။ တိရိစ္ဆာန်များအားစတေးခွင့် ဘုရားသခင်ပြုလိုက်မည်ကို လူအများကြောက်ရွံ့ချောက်ချားနေကြသည်။ အပြစ်အကြောင်းကို ထင်ရှားစေသည့်သာဓကတစ်ခုအဖြစ် ထာဝရဘုရားသည်အတိတ်အချိန်များ၌ တိရိစ္ဆာန်များအပေါ်မေတ္တာပြသည့်အရာများကို အသုံးပြုခဲ့သည်။ ယခုအချိန်တွင်မူအပြစ်အတွက် ဝမ်းနည်းသည့်ခံစားမှုမျိုး မရှိသလောက်ဖြစ်နေကြသည်။ တစ်ခါတစ်ရံတွင်လူသားများအတွက်တိရိစ္ဆာန်များအား နှိပ်စက်ကလူပြုခြင်းကို မုန်းတီးတတ်ကြသော်လည်းမိမိတို့ကိုယ်တိုင်ကမူ ဘုရားသခင်အပေါ်ရက်စက်ပြနေကြပါမည်။

လူသားများကိုကယ်တင်ရန် အဘယ်ကြောင့်ခရစ်တော်အသေခံဖို့လိုအပ်ပါသနည်း။

အပြစ်ကိုအသာကလေးကော်ဇောအောက်တွင် သွင်းထားလိုက်ကာစုံလင်သောစကြာဝဠာကြီးကို ဆက်လက်တည်တံ့စေရန်မှာ စုံလင်ဖြောင့်မှန်တော်မူသောဘုရားသခင်အတွက် မဖြစ်နိုင်သောအရာတစ်ခုဖြစ်သည် ဆိုသည့်အချက်သည် ထိုမေးခွန်းအတွက်ပေးရမည့်အဖြေတွင် ကဏ္ဍတစ်ခုဖြစ်နေပါသည်။ ဥပမာအားဖြင့်ဆိုရလျှင် တရားရုံးတော်သို့ရောက်ရှိလာသော ရာဇဝတ်သားတစ်ဦးအား ချစ်ပါသည်ဟုဆိုကာ တရားသူကြီးတစ်ဦးက တရားသေလွှတ်ပေးခဲ့မည်ဆိုလျှင်ထိုတရားသူကြီးကို လူ့အသိုင်းအဝိုင်းကမည်သို့မှတ်ချက်ချလိမ့်မည်နည်း။

"မြေကြီးလုံးကိုစီရင်တော်မူသောသခင်သည် တရားသဖြင့်ပြုတော်မူမည်မဟုတ်လော" ဟုသမ္မာကျမ်းစာကပြောထားပါသည်။ (ကမ္ဘာ ၁၈း၁၅) အတ္တလွန်ကဲခြင်း၌ သဘာဝအကျိုးဆက်တစ်ခုရှိပါသည်။ ထိုအရာမှာအပြစ်မဲ့သော

သူကိုသေစေခြင်းပင်ဖြစ်ပါသည်။ (ရောမ ၆း၂၃) တရားသူကြီးဖြစ်တော်မူသော ခရစ်တော်သည်လူသားများကျူးလွန်သည့် အပြစ်၏အကျိုးဆက်ကိုတာဝန်ယူ တော်မူလိုက်ကာ အပြစ်သားများအပေါ်သို့သေပြစ်ရောက်စေတော်မမူတော့ချေ။ ထိုအကျိုးဆက်မှာသေခြင်းပင်ဖြစ်ပါသည်။

အပြစ်ကျူးလွန်ခြင်းမရှိသည့်ပြင် သေမျိုးမဟုတ်သည့်ထာဝရဘုရားသည် မည်ကဲ့သို့အပြစ်၏အဖိုးအခကို ခံယူနိုင်တော်မူမည်နည်း။

ထာဝရဘုရားသည်သေမျိုးမဟုတ်သဖြင့် လူတို့အတွက်အသေခံနိုင်စေရန် အလိုငှာလူဇာတိကိုခံတော်မူခဲ့သည်ဟု (မာတင်လူသာ) ကဖွင့်ဆိုပါသည်။ ကိုယ်တော်သည်မိမိနှင့်လားလားမျှမပတ်သက်သော လူတို့၏အပြစ်ကိုခံယူခဲ့ပြီး မတရားပြုခြင်းကိုခံစားခဲ့ပါသည်။

မည်သည့်နည်းအားဖြင့်ကပ်တိုင်ပေါ်တွင် ခရစ်တော်အသေခံခြင်းသည် ဘုရားနှင့်လူသားအကြားရန်ပြေမာန်ပြေဖြစ်သွားရသနည်း။

ဤမေးခွန်း၏အဖြေသည် ရောမ ၃း၂၆ တွင်ဖော်ပြထားသည်။ “အပြစ် ဖြေစရာအကြောင်းဖြစ်စေခြင်းငှာ ခန့်ထားတော်မူပြီ” ဟူသောစကားစုအပေါ် နားလည်သဘောပေါက်မှုသည် အဓိကဖြစ်သည်။ “အပြစ်ဖြေစရာဖြစ်ခြင်း” ဆိုသည့်ဝေါဟာရသည် “နတ်ဘုရားများကျေနပ်အောင်တစ်ခုခုကိုပူဇော်ပသခြင်း” ကိုဆိုလိုသည်။ သို့ရာတွင်ထိုဝေါဟာရ၏အဓိပ္ပါယ်မှာ ၎င်းထက်ပို၍လေးနက် ပါသည်။ ‘နာကျင်မှုကိုခံယူခြင်း’ ‘အပြစ်လွှတ်ခြင်း’ ‘ကရုဏာပြခြင်း’ စသည့် အဓိပ္ပါယ်များလည်းရှိပါသည်။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ပညတ်တော်ကို လွန်ကျူးလိုက်သည်နှင့် ဆက်လက်အသက်ရှင်ရန် တရားဝင်အခွင့်မရနိုင်တော့ ချေ။ သို့ရာတွင်တရားသူကြီးနေရာတွင် ထိုင်နေသောဘုရားသခင်ကိုယ်တော်တိုင် ကထိုဝေဒနာကိုခံယူတော်မူသည်။ ထိုအဖိုးအခကိုပေးတော်မူသည် ကရုဏာကိုပြ တော်မူနေပါသည်။

ခင်ပွန်းသည်တစ်ယောက်ကမိမိဇနီးအား ကြမ်းကြမ်းတမ်းတမ်းပြောဆို စဉ်ဇနီးသည်မှာ ဘာမျှပြန်လည်မတုန့်ပြန်သော်လည်း ထိုစကားလုံးများသည် သူမ ၏နှလုံးသားကိုထိခိုက်နာကျင်စေပါသည်။ သူမအနေဖြင့်မိမိအားချိုးနှိမ်စကား ပြောနေသည့်နှယ် သဘောထားကာခင်ပွန်းသည်အားအပြစ်လွှတ်ပြီး ကောင်း ကောင်း မွန်မွန်ဆက်ဆံလျှင် သူမသည်မိမိအပေါ်ကျူးလွန်နေသော သူ၏အပြစ် အတွက်အဖိုးအခကိုပေးဆပ်နေခြင်းဖြစ်သည်။

ထာဝရဘုရားသည်ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက် အဖိုးအခပေးရာ

တွင်ထိုနည်းနှင့်ပင်ဖြစ်ပါသည်။ ယေရှုသည်အပြစ်ဖြေစရာကို စီစဉ်ပေးတော်မူသည်ဟုကျမ်းစာတွင်ဖေါ်ပြမထားပဲ ကိုယ်တော်ရှင်ကိုယ်တိုင်သည် ကျွန်ုပ်တို့အပြစ်အတွက်အပြစ်ဖြေစရာဖြစ်တော်မူပါသည်။ (ရောမ ၃း၂၆၊ ၁ယော၂း၂၊ ၄း၁၀) အဓိပ္ပါယ်မှာကိုယ်တော်ရှင်သည်ဘုရားသခင်ဖြစ်လျက်နှင့်ကျွန်ုပ်တို့အား ကရုဏာတော်နှင့်အပြစ်လွှတ်ခြင်းအခွင့်ကိုပေးလိုသောငှာ နာကျင်မှုဝေဒနာကိုခံယူတော်မူ၏။

ကျွန်ုပ်တို့အားဘုရားသခင်နှင့်ပြန်လည်မိတ်သဟာယဖွဲ့စေနိုင်ရန်အလိုငှာကျွန်ုပ်တို့၏အပြစ်များကို ကိုယ်တော်ရှင်ကိုယ်တော်တိုင်ယူတင်ဝတ်ဆောင်ပုံကိုဖေါ်ပြရန် သမ္မာကျမ်းစာကနည်းအမျိုးမျိုးကိုအသုံးပြုထားပါသည်။ ဥပမာအားဖြင့်သားထွေးပုံပြင်ကိုတင်ပြလိုပါသည်။ (လုကာ ၁၅း၁၁-၁၂) ပြန်လည် အစားထိုးရန်မဖြစ်နိုင်တော့သည့် ပစ္စည်းများကိုထိုသားထွေးကဖြုန်းတီးပစ်သော် ငြားလည်း သားကို နွေးထွေးစွာပြန်လည်လက်ခံခဲ့သောဖခင်သည် ခမည်းတော် ဘုရားသခင်ကိုပုံဆောင်ထားပါသည်။ ဘုရားသခင်ဆိုသည်မှာဤအရာပင်ဖြစ်သည်။ ကပ်တိုင်ကဤအကြောင်းကိုအမြဲတမ်းဖွင့်ဟနေသည်။ မနုဿဝါဒစွဲရှိ သူများအတွက်သာမက စိတ်နှလုံးအခိုင်မာဆုံးရာဇဝတ်ကောင်ကြီးများအတွက်ပါ ကွက်ကွက်ကွင်းကွင်းပီပြင်လှပါသည်။ ထိုအရာသည်ဘုရားသခင်အပေါ်ရက်စက်ရာရောက်သည်ဟုခရစ်ယာန်ဘာသာက အသိအမှတ်ပြုသည်သာမက ကပ်တိုင်အားဖြင့်ရရှိခဲ့သောရန်ပြေမာန်ပြေဖြစ်ခြင်းကိုလည်း ရေးသားတွေးခေါ်နေပါသည်။ “အကြောင်းမူကား ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏သားတော်အသေခံတော်မူခြင်းအားဖြင့် ငါတို့သည်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်း ကျေးဇူးကိုခံရသည်မှန်လျှင်မိတ်သဟာယဖွဲ့ပြီးမှ အသက်တော်အားဖြင့်ကယ်တင်တော်မူခြင်းသို့ရောက်မည်ဟုသာ၍ မြော်လင့်စရာရှိ၏” ဟုရှင်ပေါလုကလည်းဖွင့်ဆိုထားပါသည်။ ရောမ ၅း၁၀

ကပ်တိုင်အားဖြင့်ပေးသော ကယ်တင်ခြင်းကိုလက်ခံသူမှန်သမျှအပေါ်သို့သွန်းလောင်းတော်မူသည့် ဘုရားသခင်၏မေတ္တာတော်ကို ခရစ်ယာန်ဘာသာကအလေးအနက်ထားပါသည်။ “မိမိသားတော်ရင်းကိုမနှမြောပဲငါတို့ရှိသမျှအဖို့အလိုငှာစွန့်တော်မူသောသူသည် သားတော်နှင့်တကွခပ်သိမ်းသောအရာတို့ကိုငါတို့အားမပေးပဲ အဘယ်သို့နေတော်မူမည်နည်း” ရောမ ၈း၃၂ ဆိုလိုသည်မှာခရစ်တော်အသေခံခြင်းအားဖြင့် ဘုရားသခင်နှင့်အဆင်ပြေသွားသည့်အပြင် ထာဝရအသက်နှင့်ဘုန်းအသရေနှင့်ပြည့်စုံသော အနာဂတ်များသည်ကျွန်ုပ်တို့

အတွက်ဖြစ်လာပါသည်။ ထိုအရာကိုပြည့်ပြည့်စုံစုံနားလည်ဖို့ မလွယ်သော်လည်း ကပ်တိုင်မှယိုစီးကျဆင်းလာသော ငြိမ်သက်ခြင်း၊ ချစ်ခြင်းနှင့်ဝမ်းမြောက်ခြင်းများကို ကျွန်ုပ်တို့ခံစားကြရသည်။

အဘယ်ကြောင့်ခရစ်တော်သည် ကျွန်ုပ်တို့၏အပြစ်များကိုလွှတ်နိုင်ရန် အသေခံဖို့လိုအပ်နေသနည်း။

ကျွန်ုပ်တို့မတွေ့ပဲကျော်သွားလေ့ရှိသည့်အကြောင်းရင်း တစ်ခုရှိပါသေးသည်။ စာတန်သည်ဘုရားသခင်၏စုံလင်သောဖြောင့်မတ်ခြင်းကို "အပြစ်သားများအားဘုရားမကယ်တင်သင့်" ဟူသောအကြောင်းပြချက်တစ်ခုအဖြစ်အသုံးချရန်ကြိုးစားခဲ့ပါသည်။ ထာဝရဘုရားအားကိုယ်အလိုအတိုင်း ဆုံးဖြတ်တတ်သူမိမိအကျိုးအတွက် လူသားများကိုကယ်တင်သူအဖြစ် စာတန်စွပ်စွဲခဲ့ပါသည်။ ထိုကြောင့်စကြာဝဠာတစ်ခုလုံး၏ရှေ့တွင် ဤမေးခွန်းကိုဖြေဆိုရန်အလို့ငှာ ခရစ်တော်အသေခံဖို့လိုအပ်ပါသည်။ (ဗျာဒိတ် ၁၂း၁၀၊ ၅း၉၊၁၂) စာတန်၏ထိုစွပ်စွဲချက်ကို ကပ်တိုင်၌ချေပခဲ့ပါသည်။ သုံးပါးတစ်ဆူဘုရားတွင် တစ်ပါးအပါအဝင်ဖြစ်သော ယေရှုရှင်သည်အသေခံသည့်တိုင်အောင် အတ္တကင်းသူတစ်ပါးဖြစ်ကြောင်းဤစကြာဝဠာကြီးရှေ့တွင်ပြသခဲ့သော အချိန်တွင်ထိုစွပ်စွဲချက်ကို ချေဖျက်ပစ်ခဲ့ပါပြီ။

ထာဝရဘုရားသခင်သည်လူဇာတိကိုခံပြီး ထာဝရသေခြင်းကိုမြည်းစမ်းခဲ့သည်ကို စကြာဝဠာရှိအပြစ်တွင်မကျဆုံးသောသူများက မြင်တွေ့နိုင်ခဲ့ပါသည်။ ကိုယ်တော်ရှင်သည်ကျွန်ုပ်တို့၏အပြစ်များကြောင့် အစီရင်ခံခဲ့ရပါသည်။ "သစ်တိုင်၌ဆွဲထားခြင်းကိုခံရသောသူတိုင်း ကျိန်ခြင်းကိုခံရသောသူဖြစ်သည်ဟု ကျမ်းစာလာသည့်နှင့်အညီ ခရစ်တော်သည်ငါတို့အတွက်ကြောင့် ကျိန်ခြင်းကိုခံရသောသူဖြစ်၍ ငါတို့ကိုပညတ်တရား၏ကျိန်ခြင်းမှ ရွေးနုတ်တော်မူပြီ" ဂလာတိ ၃း၁၃ ဤကျိန်ခြင်းသည်ထာဝရဆုံးရှုံးခြင်းဖြစ်၏။ ထိုကျိန်ခြင်းကိုခရစ်တော်ခံယူသောအချိန်တွင် "ငါသည်သေလောက်အောင်စိတ်နှလုံးအလွန်ညှိုးငယ်ခြင်းရှိ၏" "အကျွန်ုပ်ဘုရားအဘယ်ကြောင့်အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း" ဟုဟစ်ကြွေးတော်မူခဲ့ပါသည်။ (မဿဲ ၂၆း၃၈၊ မာကု ၁၅း၃၄)

မိမိသည်ဘုရားဖြစ်သည်ကို ယေရှုခရစ်ကောင်းမွန်စွာသိတော်မူသော်လည်းလူသားတစ်ဦး၏ဇာတိကိုခံယူထားသော ကိုယ်တော်ရှင်သည်အပြစ်သားများအား ၎င်းတို့နှင့်ထိုက်တန်သောအရာကို၎င်းတို့အား မခံစားစေလိုပဲအပြစ်၏ စက်ဆုပ်ရွံရှာဖွယ်များကို မိမိကိုယ်တိုင်ခံယူကာအသေခံရန် ကိုယ်တော်ရှင်အလို

ရှိနေပါသည်။ အတ္တကင်းရှင်းခြင်းဖေါ်ပြရန်ဤအရာထက်ကောင်းသောအရာ မရှိတော့ပြီ။ စုံလင်သောဘုရားသခင်သည်အပြစ်သားများကို ကယ်တင်ရန်စုံလင်သောအခွင့်အရေးရှိသည်ကို ဤအချက်ကထင်ရှားစေပါသည်။

အပြစ်သားများသည်တရားမျှတမှုရှိသော ဤအရာကိုခံစားခွင့်ရှိကာ ကယ်တင်နိုင်ရန် သေချာမှုရှိလာနိုင်ပါသည်။ (ရောမ ၅း၁၇) ကျွန်ုပ်တို့၏အပြစ်များအပေါ် ခရစ်တော်မည်သို့သဘောထားသည်ကို ကြည့်ရှုစဉ်နောင်တရခြင်းလည်းပါဝင်လာကြောင်းတွေ့ရပါသည်။ (တမန် ၅း၁၃) အပြစ်များကိုထာဝရဘုရားရှေ့တွင်ဝန်ချတောင်းပန်ကာ ဖြေလွှတ်ဖြေရှင်းပေးဖို့ အသနားခံသောအချိန်တွင် ကိုယ်တော်ကကယ်တင်ခြင်းရရန် သေချာစေဖို့တန်ခိုးကို ကျွန်ုပ်တို့အားပေးသနားတော်မူပါသည်။ (၁ယော ၁း၉၊ ယောဟန်ဩဝါဒစာ ၃၊ ၁ယော ၃း၉) ဤကယ်တင်ခြင်းကိုကျွန်ုတို့ရရှိသောအချိန်တွင် မိမိတို့အပေါ်အမှားအယွင်းလုပ်ခဲ့သူများ၏ အပြစ်များကိုခွင့်လွှတ်ရန် ကျွန်ုပ်တို့ကြိုးစားလာကြလိမ့်မည်။ ထိုနောက်ကိုယ်တော်ရှင်ပေးသနားတော်မူသော တန်ခိုးတော်အားဖြင့်မေတ္တာတရားနှင့်ပြည့်ဝသောအသက်တာတွင်အသက်ရှင် နေထိုင်ကြပါသည်။

ဆက်လက်ဖတ်ရှုစရာ

ခရစ်တော်၏သက်တော်စဉ်အကြောင်းကိုဖွင့်ဆိုထားသည့် စာအုပ်များအနက် "ထာဝရလိုအင်သက်တော်စဉ်" စာအုပ်သည်အကောင်းဆုံးဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စု စာကြည့်တိုက်များကွန်ဂရက်၏ဥက္ကဌဖြစ်သူက ထောက်ခံထားပါသည်။ အကြောင်းမှာထိုစာအုပ်ထဲတွင် ဝိညာဉ်ရေးဆိုင်ရာ ထိုးထွင်းသိမြင်မှုနှင့် လက်တွေ့ကျင့်ဆောင်မှုများကိုဖေါ်ပြထားပါသည်။ ခရစ်တော်၏အသက်တာအသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကိုဖေါ်ပြထားသည့် အောက်ပါအခန်းကြီးများကို ဖတ်ရှုကြရန်တင်ပြလိုက်ပါသည်။

၁။ အစေခံကျွန်များ၏အစေခံကျွန်

၂။ ငါ့ကိုအောက်မေ့ဖို့ရာ

၃။ သင်တို့စိတ်နှလုံးပူပန်ခြင်းမရှိစေနှင့်

၄။ ဂေသရေမန်ဥယျာဉ်

၅။ ယဇ်ပုရောဟိတ် အန္နနှင့်ကယာဖတို့၏ရုံးတော်၌

၆။ ယုဒရှကာရုတ်

၇။ ပိလတ်မင်း၏တရားရုံးတော်၌

၈။ ကရာနီကုန်း

၉။ အမှုပြီးပြီ
၁၀။ ယောသပ်၏သင်း၀ိုင်းဂူ၌
၁၁။ သခင်ဘုရားရှင်ပြန်ထမြောက်ပြီ
၁၂။ အဘယ်ကြောင့်ငိုကြွေးသနည်း

**သေပြစ်ထိုက်သောအပြစ် (၇)**

ပုပ်ရဟန်မင်း-ဂရီဂိုရီ (၁) က ခရစ်ယာန်ရိုးရာအယူ၌ရှိသောသေပြစ်ထိုက်သည့်အပြစ် (၇) ခုကိုလွန်ခဲ့သောအနှစ် ၆၀၀ လောက်ကစုစည်းသတ်မှတ်ခဲ့ပါသည်။ ထိုအရာများမှာ မာနထောင်လွှားခြင်း၊ လောဘလွန်ကျူးခြင်း၊ ကာမဂုဏ်လိုက်စားခြင်း၊ အမျက်ဒေါသကြီးခြင်း၊ အစားကြူးခြင်း၊ မနာလိုဝန်တိုခြင်းနှင့်ပျင်းရိခြင်းတို့ဖြစ်ပါသည်။ ကောင်းသောအကျင့်သီလ (၇) ခုကိုလည်း ထိုပုပ်ရဟန်းမင်းကပင် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။ ၎င်းတို့မှာ ယုံကြည်ခြင်း၊ မြော်လင့်ခြင်း၊ ချစ်ခြင်း၊ တရားမျှတခြင်း၊ ဆင်ခြင်တရားရှိခြင်း၊ ချုပ်တည်းခြင်းနှင့် မြဲမြံတည်ကြည်ခြင်းတို့ဖြစ်သည်။

ဤယူဆချက်အားလုံးကိုသမ္မာကျမ်းစာက မှန်ကန်ကြောင်းသက်သေခံမည်ဖြစ်သော်လည်း သမ္မာကျမ်းစာတွင်သေပြစ်ထိုက်သောအပြစ်/ကောင်းသောအကျင့်သီလများအဖြစ် သီးခြားဖော်ပြထားသည်ကိုမတွေ့ရပါ။

ဂရီဂိုရီ၏ပြဋ္ဌာန်းချက်များသည် ပညတ်တော် (၁၀) ပါးကိုသိနာတောင်ပေါ်တွင်ပေးခဲ့သည့် BC -၁၄၅၀ ထက်အလျင်ကျမည်တော့မဟုတ်ပါ။ သမ္မာကျမ်းစာအုပ်ကို လူတိုင်းမရနိုင်သည့်ကာလ ပုံနှိပ်စက်များမပေါ်မီရာစုနှစ်အနည်းငယ်က ဘုရား၏နှုတ်ကပတ်တော်မှစည်းမျဉ်းဥပဒေများကိုသွန်သင်ရန် ၎င်းပြဋ္ဌာန်းချက်များကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့ပုံပေါ်ပါသည်။

**နိုင်ငံရေးကိစ္စများအတွက်ခရစ်ယာန်များမဲပေးသင့်ပါသလား။**

အဖြေမှာရှင်းနေသလိုတော့ရှိပါသည်။ ခရစ်ယာန်များသည်ကောင်းသောနိုင်ငံသားကောင်းများဖြစ်ကြသည်။ နိုင်ငံအစိုးရများကိုဘုရားသခင်ခန့်အပ်ထားသူများအဖြစ်အသိအမှတ်ပြုထားကြသည်။ ထိုကြောင့်အစိုးရက ဥပဒေအရတားမြစ်ထားသည့်အရာ လုပ်ဆောင်စေသည့်အရာများကို သန့်ရှင်းသောတာဝန်တစ်ခုအဖြစ်မှတ်ယူကာ ၎င်းတို့ကျင့်ဆောင်နိုင်သောအရာများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့ရာတွင်ဤကိစ္စနှင့်ပတ်သက်၍တိုက်ရိုက်သွန်သင်ထားခြင်း လုံးဝမရှိပါ။

ဤကိစ္စနှင့်ပတ်သက်၍မည်ကဲ့သို့ရပ်တည်ရမည်ကို ခရစ်ယာန်အသိုင်း

အဝိုင်းတွင်သဘောထားများကွဲပြားလျက်ရှိပါသည်။ နိုင်ငံရေးကိစ္စများနှင့်ကင်းကင်းရှင်းရှင်းနေသင့်သည်ဟု အချို့ကသဘောထားကြသည်။ ခရစ်တော်ပြန်လည်ကြွလာဖို့အချိန်မှာ နီးကပ်နေပြီဖြစ်သဖြင့်ခရစ်ယာန်များအနေဖြင့် ပြဿနာအမျိုးမျိုးအပေါ်မှာငြင်းခုံနေဖို့အချိန်မရှိကြောင်း ရာထူးရအောင်ကြိုးစားဖို့ မဲပေးဖို့အချိန်မရှိကြောင်း ၎င်းတို့ကအဆိုရှိကြပါသည်။ ရသမျှအချိန်ကလေးကို ခရစ်တော်အတွက်သက်သေခံခြင်း ခရစ်တော်နှင့်တွေ့ရန် မိမိကိုယ်ကိုပြင်ဆင်ခြင်းများအတွက်အသုံးပြုသင့်သည်ဟု ၎င်းတို့ကပြောကြပါသည်။

အချို့တို့ကမူ မိမိတို့၏နိုင်ငံရေးကြိုးစားလုပ်ဆောင်မှုများသည် အရာရောက်နိုင်မည်မဟုတ်ကြောင်း ကမ္ဘာကြီးသည်တဖြည်းဖြည်းဆိုးသည်ထက်ဆိုးလာရာကောင်းလာအောင် လုပ်နိုင်ကြမည်မဟုတ်ကြောင်းဖွင့်ဆိုကြသည်။

အချို့ကမူအမေရိကန်ပြည်ထောင်စုနှင့်ပတ်သက်သည့် အနာဂတ္တိစကားများကြောင့် "မတို့မထိနဲ့ပေါ်လစီ" ကိုအသုံးပြုနေကြသည်။ ဆိုးသောနိုင်ငံရေးသမားတစ်ယောက်ကိုမဲပေးမိလျှင် သားရဲ၏ရုပ်တုတန်ခိုးကိုအလျင်အမြန်အားကောင်းလာစေနိုင်ပြီး ကောင်းသောနိုင်ငံရေးသမားတစ်ဦးကိုမဲပေးမိလျှင်အနာဂတ္တိစကား၏ပြည့်စုံမှုကိုနှောင့်နှေးစေနိုင်ပါသည်။ ထိုကြောင့်မဲဆန္ဒမပေးခြင်းသည်အန္တရာယ်ကင်းသောအနေအထားတွင် ရပ်တန်ခြင်းဖြစ်သည်ဟုသူတို့ယူဆကြပါသည်။

တရားမျှတမှုကိုလူသားချင်းစာနာမှုနှင့်အမှန်တရားကို လက်ကိုင်ဆွဲကာမဲပေးခြင်းသည်အပြစ်ကင်းရုံသာမက မြင့်မြတ်သောလုပ်ဆောင်မှုဖြစ်တတ်သည်ဟုသမ္မာကျမ်းစာပါ ရာဇဝင်သမိုင်းများနှင့်အနာဂတ္တိစကားများကို လေ့လာပြီးသည့်နောက် Bibleinfo.Com ကရပ်တည်ပါသည်။ သို့ရာတွင်ပါတီအချင်းချင်းတိုက်ခိုက်ငြင်းခုံမှုများ၌ပါဝင်ခြင်းကိုမူ ကျွန်ုပ်တို့ကန့်ကွက်ပါသည်။ ပညာသတိရှိသောခရစ်ယာန်များသည် နိုင်ငံရေးသွေးထိုးလှုံ့ဆော်ခြင်းနှင့် ဆွေးနွေးပွဲများတွင်လူသိရှင်ကြားမပါဝင်ကြသလို တိုးတိုးတိတ်တိတ်လည်းပါဝင်မှုမပြုကြချေ။ သူတို့သည်ဝင်ရောက်အရွေးခံသူကိုထက် နည်းဥပဒေသများကို အမြဲတမ်းအသိအမှတ်လေ့ရှိသည်။ အထူးသဖြင့်နိုင်ငံရေးပါတီအပေါ်တွင် ထောက်ခံအားပေးမှုကိုလည်းကောင်း ထိုပါတီနှင့်ဆက်နွယ်နေသည့်အကျိုးစီးပွားများကိုလည်းကောင်း သူတို့မကြည့်ပဲ ထိုပါတီကလက်ခံကျင့်သုံးသောစည်းမျဉ်းများကိုကြည့်ကာ မဲပေးတတ်ကြပါသည်။ ထိုသူတို့သည်ပါတီတစ်ခု၏ပေါင်းစည်းမှုကိုမကြည့်ပဲ ဝင်ရောက်လုပ်ဆောင်မည့်ရာထူးတာဝန်တွင် အရည်အချင်းအပြည့်ဝဆုံးဖြစ်သည်ဟု ၎င်းတို့

ယူဆသည့်ဝင်ရောက်အရွေးခံသူကို သူတို့မဲထည့်တတ်ကြသည်။ ဤကဲ့သို့လုပ်ဆောင်လျှင်သမ္မာကျမ်းစာ၏အကြံပေးချက်များနှင့်တကွ ဝိညာဉ်တော်ကိုလွန်ကျူးခြင်းမရှိဟုကျွန်ုပ်တို့ယုံကြည်ပါသည်။

လူပုဂ္ဂိုလ်တိုင်းသည်၎င်းနေထိုင်သည့် လူ့အသိုင်းအဝိုင်းကိုအကောင်းအဆိုးတစ်ခုခုကိုဖန်တီးရာ၌ ကဏ္ဍတစ်ခုအဖြစ်ပါဝင်နေကြသည်။ မည်သည့်ဥပဒေဖြင့်တိုင်းပြည်ကိုအုပ်ချုပ်မည်ဆိုသည့်အချက်ကို ဆုံးဖြတ်ချက်ချရာတွင် ဤနိုင်ငံတွင် (USA) နေထိုင်သူတိုင်း၌ပြောရေးဆိုခွင့်ရှိကြသည်။ ဘာသာရေးလွတ်လပ်ခွင့်၊ ကိုယ်ကျင့်တရားဆိုင်ရာပြဿနာများ၊ ချုပ်တည်းခြင်း၊ ဒုစရိုက်၊ မူးယစ်ဆေးဝါးကင်းစင်ရေး ခံစားချက်ကိုပွင့်လင်းစွာပြောဆိုရေး စသည့်အရေးကြီးသောအရာများအတွက် ထိုသြဇာသက်ရောက်မှုရှိသည့်မဲများကို အသုံးမချသင့်ဘူးလား။ ဆိုလိုသည်မှာကျွန်ုပ်တို့၏မဲဆန္ဒများကို လူ့အသိုင်းအဝိုင်းတိုးတက်မှု ပညာရေးစနစ်ကောင်းမွန်လာရေးနှင့်တန်ဖိုးရှိသော စီမံကိန်းများအတွက်ထည့်ဝင်သင့်ကြပါသည်။ ဤသို့လုပ်ဆောင်ခြင်း၌အမှားမရှိသည်မှာ သေချာသော်လည်းမဲထည့်/မထည့်ဆိုသည့်ဆုံးဖြတ်ချက်မှာ သင့်၏ကိုယ်ပိုင်အခွင့်အရေးဖြစ်ပါသည်။

ခရစ်ယာန်များအနေဖြင့်မဲပေးပိုင်ခွင့်ရှိသည်ဟု ဆိုသော်လည်းအထူးသတိထား၍မဲပေးရန်လိုအပ်ပါသည်။ မိမိတို့မဲပေးရွေးချယ်လိုက်သောပုဂ္ဂိုလ်လုပ်ဆောင်မည့်အကောင်းအဆိုးများတွင် မိမိတို့၌လည်းတာဝန်ရှိနေပါသည်။ ထို့ကြောင့်ဤအချက်ကိုသတိပြုကာမစဉ်းမစား၊မဆင်မခြင်ဘဲ ပါတီစွဲဖြင့်မဲမထည့်ရန်အရေးကြီးလှပါသည်။နိုင်ငံရေးပါတီအတွက်မဟုတ်ဘဲ ပြဿနာကိုဖြေရှင်းပေးနိုင်ဆုံးပုဂ္ဂိုလ်ကိုမဲပေးကြရလိမ့်မည်။ နိုင်ငံရေးသမားများသည်၎င်းတို့၏အလိုဆန္ဒအားလုံးလုပ်ဆောင်ခွင့်ရဖို့မေးခွန်းထုတ်စရာကောင်းသည့်နည်းစနစ်များကိုခဏခဏအသုံးပြုခဲ့ကြပါသည်။ နိုင်ငံရေးရာထူးအဆင့်များနှင့်အတ္တလွန်ကဲသောဦးတည်ချက်များကိုနိုင်ငံတော်အရေးထက်ပို၍ ဦးစားပေးခဲ့ကြပါသည်။ မှန်ကန်သည့်စည်းမျဉ်းများအစားတစ်ကိုယ်ကောင်းဆန်သည့် စည်းမျဉ်းဂရုဏာမသက်သင့်ကြပါ။ ဤကဲ့သို့သောရည်ရွယ်ချက်များကို အကောင်အထည်ဖေါ်နေသည်။ မည်သည့် အဖွဲ့အစည်းမျိုးကိုမျှ ခရစ်ယာန်များအနေဖြင့်မထောက်ခံနိုင်ပါ။ ထောက်ခံခဲ့ကြ မည်ဆိုလျှင် သမ္မာတရားကိုအလျှော့အတင်းလုပ်နေခြင်းဖြစ်သည်။ မှားယွင်းမှုများဖြင့်ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

ခရစ်ယာန်များ၌သဗ္ဗညုတဉာဏ်မရှိခြင်းသည် မဲပေးရာတွင်၎င်းတို့၌များစွာအခက်တွေ့စေပါသည်။ မည်သို့ပင်သတိပညာဖြင့်မဲပေးသည်ဖြစ်စေ၊ ၎င်းတို့

အနေဖြင့်အမှားကိုလုပ်မိနိုင်ပါသည်။ သို့ရာတွင်အသက်တာမှာလည်း အမှားအယွင်းများကိုလုပ်မိတတ်သည်ဖြစ်ရာ မှန်ကန်မှုရှိကြောင်းအသေအချာမသိလျှင် ခရစ်ယာန်များသည်မည်သည့်အရာကိုမျှ မလုပ်သင့်ကြတော့ဘူးလား။ ထိုသို့ဆိုလျှင်နိုင်ငံအစိုးရများနှင့်အသင်းတော် နှစ်ခုစလုံးသည်သွက်ချာပါဒလိုက်ပေတော့မည်။ အကြောင်းမှာမမှားတတ်သော သူမရှိနိုင်သောကြောင့်ဖြစ်သည်။ အားနည်းသောခေါင်းဆောင်များသည် အမှားအယွင်းများကိုလုပ်မိမှာစိုးသဖြင့် ဘာကိုမျှ မလုပ်ပဲတုံ့ဆိုင်းနေကြသည်။ ထိုအချိန်တွင်စာတန်နှင့်အပေါင်းပါများသည် ထိုလုပ်ကွက်ကို အပိုင်စီးလုပ်ဆောင်သွားတတ်ကြသည်။

ခရစ်ယာန်များသည်မဲဆန္ဒပေးရာတွင် အခြားအရာများကိုလုပ်ဆောင်သည်နည်းတူထာဝရဘုရားထံတွင် ဉာဏ်ပညာများကိုတောင်းခံကာ အကောင်းဆုံးရွေးချယ်ထည့်ဝင်ကြရမည်။ လွတ်လပ်စွာမဲပေးခွင့်ကို မျိုးချစ်ပုဂ္ဂိုလ်များကသွေးဖြင့်ဝယ်ခဲ့ရခြင်းဖြစ်သည်။ ထိုအခွင့်အရေးကိုပေ့ါပေ့ါတန်တန်ထားကာ မှားယွင်းစွာအသုံးပြုခြင်းကြောင့် ဆုံးရှုံးမှုများကိုမဖြစ်ပေါ်စေသင့်ပါချေ။

ခရစ်ယာန်များသည်သတိပညာဖြင့် မဲဆန္ဒပေးနိုင်ကြရုံသာမက အစိုးရတာဝန်ဝတ္တရားများကိုလည်း ကြိုးစားထမ်းဆောင်နိုင်ခွင့်ရှိကြပါသည်။ ဘုရားသခင်၏သန့်ရှင်းမြင့်မြတ်သူအချို့ အစိုးရတာဝန်များကိုထမ်းရွက်ခဲ့သည်ကို သမ္မာကျမ်းစာတွင်ဖေါ်ပြထားပါသည်။ ထိုသူများထဲတွင်ယောသပ်လည်းတစ်ယောက် အပါအဝင်ဖြစ်ပါသည်။ အဲဂုတ္တုနိုင်ငံ၏အကြီးမားဆုံးတာဝန်ကို ထမ်းရွက်စဉ်ဘုရားသခင်က တိုက်ရိုက်ခန့်အပ်သည့်တာဝန်ကို မိမိထမ်းဆောင်နေသည်ဟု ယောသပ်သဘောထားပါသည်။ "ဘုရားသခင်သည်ကျွန်ုပ်ကိုအဲဂုတ္တုပြည်လုံးသခင်ဖြစ်စေတော်မူပြီ" ဟုအစ်ကိုများအားယောသပ်သက်သေခံခဲ့ပါသည်။ (ကမ္ဘာ ၄၅း၉) အငယ် ၅တွင်မူ "ဘုရားသခင်သည်လူတို့အသက်ကိုစောင့်မစေခြင်းငှာ သင်တို့ရှေ့မှာကျွန်ုပ်ကိုစေလွှတ်တော်မူပြီ" ဟုသူပြောခဲ့ပါသည်။

နောက်တစ်ယောက်မှာဒံယေလဖြစ်ပါသည်။ သူသည်ဗာဗုလုန်ဘုရင်၏လက်အောက်တွင် အလွန်တာဝန်ကျေပွန်အောင်ထမ်းဆောင်ခဲ့သဖြင့် နောက်တက်လာသည့်မီဒိုပါးရှားဘုရင်ဒါရိမင်းကြီး၏ ဆက်လက်တာဝန်ပေးခြင်းခံခဲ့ရပါသည်။ တိုင်းပြည်ကိုအုပ်ချုပ်သည့်ဝန်ကြီးသုံးပါးအနက် ပထမဝန်ကြီးအဖြစ်ခန့်အပ်ခြင်းကိုသူခံခဲ့ရပါသည်။ (ဒံ ၆း၂)

လာမည့်ရွေးကောက်ပွဲတွင် အချို့ခရစ်ယာန်ညီအစ်ကိုမောင်နှမများသည်အတိုက်အခံခေါင်းဆောင်ကိုမဲပေးကောင်း မဲပေးကြလိမ့်မည်။ ဤသို့လုပ်ဆောင်

ခြင်းကြောင့်တစ်ဦးအပေါ်တစ်ဦး အကြည်ညိုမပျက်၊ မေတ္တာမပျက်သင့်ကြချေ။ ယုံကြည်သူအချင်းချင်းအမုန်းပွားခြင်း၊ အာဃာတထားခြင်းမျိုးကို ကျွန်ုပ်တို့ခွင့်ပြုကြမည်မဟုတ်ပါ။ မဲပေးသည်ဖြစ်စေ၊ မဲမပေးသည်ဖြစ်စေ၊ တစ်ဦးကိုတစ်ဦး ပြစ်တင်ဝေဖန်မှုမပြုသင့်ကြချေ။ အကြောင်းမှာလူတိုင်း၌ရွေးချယ်ပိုင်ခွင့်ရှိနေကြပါသည်။

ထို့ကြောင့်ဘုရားသခင်ကိုကြောက်ချစ်ရိုသေသော သားသမီးများမှာသိရှိထားသည့်အမှန်တရားများနှင့် စည်းမျဉ်းဥပဒေများကိုမချိုးမဖောက်ပဲ အစိုးရတာဝန်များကိုဖြည့်ဆည်းနိုင်ခွင့်ရှိပါသည်။ သူတို့သည်နိုင်ငံရေးအတိုက်အခိုက်များထဲတွင်မပါဝင်ကြပဲလည်း မဲဆန္ဒပေးပိုင်ခွင့်ရှိကြပါသည်။ တစ်ချိန်တည်းမှာပင်ပို၍ကောင်းသောကမ္ဘာတစ်ခုကိုတောင့်တလျက် "အလိုတော်သည်ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့မြေကြီးပေါ်၌ပြည့်စုံပါစေသော်" ဟုဆုတောင်းပေးကြရမည်ဖြစ်သည်။

**အီရတ်စစ်ပွဲသည်မည်သည့်အရာကို ဦးတည်နေသနည်း။**

မတ်လ (၁၉) ရက်နေ့မှစ၍ မဟာမိတ်တပ်များကအန္တရာယ်များပြီးနှိပ်စက်ညှင်းပန်းနေသည့်မင်းဆက်ကို အဆုံးသတ်စေနိုင်မည်ဟုထင်သည့်နေရာတိုင်းကိုတိုက်ခိုက်နေသော အီရတ်နိုင်ငံ၏ကောင်းကင်ယံနှင့်မြေပြင်နှစ်ခုစလုံးဆီသို့တစ်ကမ္ဘာလုံးကအာရုံစိုက်နေကြပါသည်။ တိုက်ပွဲဝင်နေသည့်အဖွဲ့နှစ်ခုစလုံး၌မျိုးချစ်စိတ်ဓါတ်များပြင်းထန်နေကြရုံသာမက တစ်ဖက်ကိုတစ်ဖက်အပြန်အလှန်စွပ်စွဲပြောဆိုသံများမှာလည်း လေလှိုင်းများတွင်နားကွဲမတတ်ကြားနေရပါသည်။

သမ္မာတရားအပေါ်အမှန်တကယ် ယုံကြည်သစ္စာရှိသောသူတစ်ဦးဖြစ်လျှင် "စစ်" ကိုလွယ်လွယ်ကူကူအသုံးမချသင့်ချေ။ ထာဝရဘုရားသည် "ရှင်ဘုရင်တို့ကိုနှိမ့်ချချီးမြှောက်" ခွင့်ရှိတော်မူသည်သာမကတိုင်းပြည်အုပ်စိုးသည့် မင်းဆက်များကိုအကုန်အစင်ပြောင်းလဲပစ်ရန် စစ်ကိုအသုံးချတော်မူပါသည်။ (ဟေရှာ ၄၄း၂၈၊ ၄၅း၁) သို့ရာတွင်တိုင်းနိုင်ငံများအား အမှားပြင်ပေးရန်ဘုရားသခင် အသုံးပြုတော်မူခဲ့သည့်ပေါ်လစီများနှင့် လုပ်ဆောင်မှုများကိုထိုအရာက အလိုအလျောက် ရှင်းလင်းထုတ်ပြန်မပေးပါ။ (ယေရမိ ၂၅း၇-၃၃၊ ဟဗက္ကုတ် ၁း၅-၁၁ ကိုကြည့်ရှုပါ) တိုင်းနိုင်ငံများကိုဆုံးမရန်ဗာဗုလုန်ကိုထာဝရဘုရား အသုံးပြုတော်မူခဲ့ပြီး ထိုနိုင်ငံ၏မာနထောင်လွှားခြင်းနှင့် ဘုရားပေးတော်မူသည့် အခွင့်အရေးကိုကျော်လွန်လုပ်ဆောင်ခြင်းအတွက် ပြစ်ဒဏ်စီရင်မည့်အကြောင်းကိုသတိပေးထားတော်မူသည်ကို ဤကျမ်းချက်များကဖော်ပြနေပါသည်။ "ထာဝရ

ဘုရားသည်လူအမျိုးမျိုးတို့နှင့် တရားတွေ့စရာအကြောင်းရှိ၍ ခပ်သိမ်းသောသတ္တဝါတို့ကိုအမှုလုပ်ဆောင်တော်မူမည်။ ဆိုးသောသူတို့ကိုဓါးနှင့်ကွပ်မျက်စေခြင်းငှာအပ်တော်မူမည်ဟု ထာဝရဘုရားမိန့်တော်မူ၏” ယေရမိ ၂၅း၃၁ သို့ရာတွင်စစ်ပွဲအောင်တိုင်း ဘုရားသခင်ကထောက်ခံသည်ဟု မယူဆသင့်သလို စစ်ရှုံးသူတိုင်းလည်းဘုရားသခင် မနှစ်သက်သူများဟုအထင်မရှိသင့်ပါချေ။

ကမ္ဘာကြီးအားဆွဲကိုင်ဖမ်းဆုပ်ထားသည့် ဤတိုက်ပွဲများ၌နိုင်ငံရေးဘက်လိုက်မှုများအပြင်အခြားမည်သည့် ရည်မှန်းချက်များရှိနေပါသေးသလဲ။ “စစ်တိုက်ခြင်းနှင့်စစ်တိုက်အံ့သောသတင်းများ” နှင့် “လူအမျိုးမျိုးမငြိမ်သက်စိုးရိမ်ကြောင့်ကြခြင်းများ” တို့သည်မိမိကြွလာမည့်ပုပ္ပနိမိတ်များတွင် ပါဝင်ကြောင်းကိုခရစ်တော်ကိုယ်တော်တိုင်မိန့်တော်မူထားပါသည်။ (မဿဲ ၂၄း၆၊ လုကာ ၂၁း၂၅) စစ်နှင့်တကွစစ်တိုက်ခြင်းသတင်းများကို ထာဝရဘုရားရွံ့ရှာတော်မူသည်။ ထာဝရဘုရားသည်မေတ္တာတော်ရှင်ဖြစ်တော်မူသည်ဖြစ်ရာ သေဆုံးခြင်းနှင့်ပျက်စီးဆုံးရှုံးခြင်းများသည် ကိုယ်တော်ရှင်အားဝမ်းမြောက်စေတော်မမူပါ။ ကိုယ်တော်ရှင်ပြုလုပ်ရပ်တည်သမျှတို့သည် မေတ္တာတော်ဆိုင်ရာသဘာဝနှင့် ညီညွတ်တော်မူပါသည်။ (၁ယော ၄း၈) ကိုယ်တော်ရှင်သည် “စစ်မှုကိုနှစ်သက်သောလူမျိုးတို့ကို အရပ်ရပ်သို့ကွဲပြားစေတော်မူမည်” “ကိုယ်အစွမ်းသတ္တိအားဖြင့်အဘယ်သူမျှမနိုင်ရာ” ဆာလံ ၆၈း၃၀၊ ၁ရာ ၂း၁၀

ထာဝရဘုရားသည်နိုင်ငံရေးနှင့် လုံးလုံးကင်းရှင်းတော်မူ၏။ ကိုယ်တော်ရှင်၏အုပ်စိုးမှုသည် မျက်နှာလိုက်ခြင်းနှင့်လည်းကင်းရှင်းတော်မူ၏။ ဤအမှန်တရားကိုရှောလမုန်ဖွင့်ဆိုသည့် နိုင်ငံရေးသိပ္ပံဆိုင်ရာအခြေခံပညတ်များအားဖြင့်ပုံဖေါ်ထားသည်မှာ “ဖြောင့်မတ်ခြင်းတရားသည်ပြည်သားတို့ကို ချီးမြှောက်တတ်၏။ ဒုစရိုက်အပြစ်မူကားပြည်သားများတို့ကို ရှုတ်ချတတ်၏” ရာဇပလ္လင်သည်ဖြောင့်မတ်ခြင်းအားဖြင့်သာတည်တတ်၏” ရာဇပလ္လင်တော်သည်ဂရုဏာတရားအားဖြင့်မြဲမြံတတ်၏” ဟူ၍ဖြစ်၏။ သုတ္တံ ၁၄း၃၄၊ ၁၆း၁၂၊ ၂၀း၂၈) တည်မြဲနေသင့်သောအစိုးရများသည်ခရစ်တော်မိန့်တော်မူသည့်အတိုင်း ဆင်းရဲသားများနှင့်အမအစလိုသူများ၊ မုဆိုးမများနှင့်မိဘမဲ့များ အနှိမ်ခံများနှင့်ခိုကိုးရာမဲ့သူများကိုကာကွယ်စောင့်ရှောက်ရာတွင် အထူးကျွမ်းကျင်ကြလိမ့်မည်။ (ဆာလံ ၇၂း၁-၄၊ ဒံယေလ ၄း၂၇၊ ဟေရှာ ၆၁း၁၊ လုကာ ၄း၁၆-၂၂၊ ယောဟန် ၁း၂၇)

သို့ရာတွင်ဤသဘောထားများကို မိမိကိုယ်ကိုမြှောက်စားနေသူများကမကြိုဆိုကြပါ။ အာဏာတန်ခိုးများကိုအလိုရမ္မက်ကြီးနေသူများက ပစ်ဖယ်နေကြပါ

သည်။ “ငါသည်ငြိမ်သက်ခြင်းဘက်မှာနေ၏။ ငါပြောလျှင်မူကား၊ သူတို့သည်စစ်တိုက်ခြင်းငှာအလိုရှိကြ၏” ဟုထာဝရဘုရားမိန့်တော်မူ၏။ ဆာလံ ၁၂၀း၆ ခရစ်တော်သည်ငြိမ်သက်ခြင်းအရှင်ဖြစ်တော်မူကြောင်းကို ဤအချက်ကသက်သေခံနေပါသည်။ ဘုရားတရားဘက်တွင်စံတင်လောက်သူများဟု မိမိကိုယ်ကိုယူဆနေသူများ၏တိုက်တွန်းသွေးဆောင်မှုကြောင့် ခရစ်တော်သည်ကပ်တိုင်အတင်ခံခဲ့ရပါသည်။ ထိုသူများသည်မိမိကိုယ်ကို ယုံကြည်ခြင်းကိုကာကွယ်စောင့်ရှောက်သူရှေးရိုးခရစ်ယာန် သက်ဝင်ယုံကြည်မှုတွင် စံချိန်မီကျင့်ဆောင်နေသူ၊ ယုံကြည်ခြင်းဖေါက်ပြန်သူများနှင့်လှည့်ဖျားသူများကို သုတ်သင်နေသူများဟုလည်း မှတ်ယူနေကြပါသည်။ မိမိ၏နောက်လိုက်များသည် ဘုရားဝတ်၌မွေ့လျော်နေသည်ဟုအထင်ရှိသောထိုကဲ့သို့သောသူများထံမှ ကောင်းမွန်စွာဆက်ဆံခြင်းကို ခံရလိမ့်မည်မဟုတ်ဟုခရစ်တော်ကြိုတင်မိန့်ဆိုထားခဲ့ပါသည်။ (ယောဟန် ၁၅း၁၃-၂၅၊ ၁၆း၁-၄) စာတန်လုပ်ဆောင်သည့်ထူးဆန်းသောနိမိတ်ပြ နှိုးဆွပေးမှုများကြောင့်ကမ္ဘာ့နောက်ဆုံးတိုက်လှန်ပွဲ၌ ပြင်းထန်သောဘာသာရေးဆိုင်ရာ ကဏ္ဍတစ်ခုရှိနေလိမ့်မည်ဟုလည်း အနာဂတ္တိစကားများးက ဖွင့်ဆိုထားပါသည်။ (ဗျာဒိတ် ၁၂း၁၇၊ ၁၃း၁၁-၁၇၊ ၁၆း၁၂-၁၄၊ ၁၇း၁၂-၁၄)

ထာဝရဘုရားသခင်နှင့်တကွ ကိုယ်တော်ရှင်အပေါ် သစ္စာစောင့်သိသူများအပေါ် သို့ထားရှိသည့်စာတန်၏အမုန်းတရားသည် အဆုံးတွင်အမြင့်မားဆုံးအဆင့်သို့ရောက်ရှိလာပါသည်။ ဘုရားသခင်နှင့်သမ္မာတရားကိုချစ်သော လူသားများသည်ငြိမ်းချမ်းရေးလူသားများဖြစ်ကြသည်။ သိုးသငယ်ကဲ့သို့ရန်သူများရှေ့တွင် ဆန့်ကျင်တိုက်လှန်ခြင်းကိုမပြုခဲ့သည့်ခရစ်တော်နှယ် ထိုသူတို့သည်ရန်သူများရှေ့တွင် မိမိကိုယ်ကိုကာကွယ်ရန်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ကြလိမ့်မည်မဟုတ်ချေ။ (ဟေရှာ ၅၃း၇၊ ၁ပေ ၂း၁၇-၂၅) ခရစ်တော်နှင့်ဧဝံဂေလိတရားတော်ကိုကာကွယ်ရန် ပေတရုစိတ်လိုက်မာန်ပါလုပ်လိုက်သောအချိန်တွင် ထိုတမန်တော်ကြောင့်ထိခိုက်သွားသောအနာကို ကုသပေးတော်မူရုံသာမက နောင်လာနောင်သားများအတွက်ပါ ဆုံးမစကားများကို ဖွင့်ဆိုတော်မူသည်မှာ “သင့်ဓါးကိုသူ့နေရာမှာပြန်ထားလော့ ဓါးကိုကိုင်သောသူရှိသမျှတို့သည် ဓါးဖြင့်ဆုံးခြင်းသို့ရောက်ကြလိမ့်မည်” “နားရှိသောသူမည်သည်ကား ကြားပါစေ သူတပါးကိုဖမ်းဆီးယူသွားသောသူသည် ကိုယ်တိုင်ဖမ်းဆီးယူသွားခြင်းကိုခံရလိမ့်မည်။ ဓါးဖြင့်သတ်တတ်သောသူသည်လည်းကိုယ်တိုင်ဓါးဖြင့်သေရမည်” ဟူ၍ဖြစ်၏။ မဿဲ ၂၆း၅၂၊ ဗျာဒိတ် ၁၃း၉-၁၀။ ပေတရု၏ဒေါသကြောင့်မာလခုသည် နားရွက်တစ်ဖက်ဆုံး

ရှုံးတော့မလိုဖြစ်ခဲ့ပါသည်။ ထိုနည်းတူလူတစ်စု၏ဒေါသကြောင့် လူထုကြီးသည် စစ်မှန်သောငြိမ်သက်ခြင်းဆိုင်ရာသတင်းစကားကို နားမထောင်ချင်လောက်အောင် ဖြစ်နေပါသည်။ စစ်တိုက်ခြင်းသတင်းများသည် ငြိမ်သက်ခြင်းဆိုင်ရာသတင်းစကား အပေါ် လွှမ်းမိုးနေပါသည်။ သို့ရာတွင်အမြဲတစေလွှမ်းမိုးနေမည်တော့မဟုတ်ပါ။ (ဆာလံ ၂း၁-၁၂၊ ၇၄း၁၈-၂၃)

ညှိနှိုင်းစေ့စပ်ခြင်းငှာ မရနိုင်သည့်အကောင်းနှင့်အဆိုးတိုက်လှန်ပွဲကြီးကို တင်ကြိုရှုမြင်ကာ လူသားအစုအရုံးတို့၏ဝိညာဉ်ရေးဆိုင်ရာရှုပ်ထွေးဖေါက်ပြန်မှု များကြောင့်ဖြစ်ပေါ်လာမည့် မကြုံစဖူးအောင်ထူးခြားသည့် ဒုက္ခဆင်းရဲခြင်းကာလ အကြောင်းကိုသမ္မာကျမ်းစာတွင် ဖွင့်ဆိုထားပါသည်။ (ဒံယေလ ၁၂း၁၊ မဿဲ ၂၄း၇-၉) ခရစ်တော်သည်မိမိ၏သားသမီးများအား ဒုက္ခရောက်မှာကိုမမြင်လို သော်လည်းဤအကြောင်းကိုဖွင့်ဆိုထားပါသည်။ ဤကမ္ဘာကြီးအပေါ်တွင် ဘေးဒုက္ခများလွှမ်းခြုံလာပြီဆိုလျှင် "သင်တို့ကိုရွေးနုတ်သောအချိန်ကာလရောက် လုနီးသည်ကိုထောက်သဖြင့် မော်ကြည့်၍ခေါင်းကိုကြွကြလော့" ဟုယုံကြည်ဆက် ကပ်သူအပေါင်းတို့ကိုကိုယ်တော်ရှင် မိန့်မြွက်နေပါသည်။ လုကာ ၂၁း၂၈။ နိုင်ငံ အချင်းချင်းအကြားလက်နက်ချင်းပြိုင်ကာ စစ်တိုက်နေကြခြင်းကြောင့် ခရစ်တော် ကြွလာမည်မဟုတ်ပဲ ခရစ်တော်၏လက်မောင်းတော်အောက်တွင် ခိုလှုံရန်သမ္မာ တရားနှင့်ငြိမ်သက်ခြင်းကိုမြတ်နိုးကြသူများကို လမ်းပြသည့်ဧဝံဂေလိတရားတော် ၏ရှင်းလင်းသောဖွင့်ဆိုချက်ကြောင့် ကိုယ်တော်ကြွလာမည်ဖြစ်ပါသည်။ (မဿဲ ၂၄း၁၄)

ကျွန်ုပ်တို့အားလူဆိုးများ မင်းမဲ့စရိုက်ဆန်သူများနှင့်အကြမ်းဖက်သမား များ၏ရန်မှကာကွယ်ရန် တစ်ခါတစ်ရံတွင်ပြည်သူ့ရဲနှင့်စစ်တပ်တို့၏အကူအညီ ကိုလိုအပ်သော်လည်း လက်နက်ခဲယမ်းများကိုအသုံးပြုခြင်းအားဖြင့် ဘုရားသခင် ၏နိုင်ငံတော်ကိုမချီးမြှောက်ရပါ။ ထို့ကြောင့် "ယေရှုကငါ၏နိုင်ငံသည်ဤလောက နှင့်မဆိုင်။ ငါ၏နိုင်ငံသည်ဤလောကနှင့်စပ်ဆိုင်လျှင် ငါ၏လူတို့သည်တိုက်လှန် ကြလိမ့်မည်" ဟုမိန့်တော်မူ၏ (ယောဟန် ၈း၃၆၊ လုကာ ၉း၄၉-၅၆)

အဆုံးစွန်သောအချိန်တွင်ဖြစ်ပွားမည့် တိုက်ပွဲကြီးသည်နိုင်ငံရေးအာဏာ တန်ခိုး၊ လူမျိုးရေးကိစ္စ၊ လူမှုရေးကိစ္စများကြောင့်မဟုတ်ပဲ အမှန်နှင့်အမှားအချစ် နှင့်အမုန်း၊ ဘုရားအပေါ်သစ္စာစောင့်ခြင်းနှင့် အတ္တအလိုအမျိုးမျိုးစသည်တို့ အကြား ဖြစ်ပွားမည့်တိုက်ပွဲဖြစ်ပါသည်။ (အတ္တအလိုဟုဆိုရာတွင်ပရဟိတဝါဒ အရိုအသေ ပြုခြင်း ဘုရားဝတ်၌မွေ့လျော်ခြင်း မျက်နှာဖုံးလှလှကလေးများကိုတပ်ဆင်ထား

သည့် အယောင်အဆောင်မှုအမျိုးမျိုးကိုဆိုလိုပါသည်။

လက်နက်ချင်းပြိုင်၍တိုက်ခိုက်နေသော ဤစစ်ပွဲများကတိုက်ပွဲဝင်နေသူများ၏အဆုံးစွန်ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့်ပို၍ပြင်းထန်အရေးပါသောတိုက်ပွဲကြီးတစ်ခု၏ရလဒ်ကို မစဉ်းစာမိအောင်လူတို့အားအာရုံပြောင်းစေပါသည်။ ထိုတိုက်ပွဲကြီးမှာ မည်သူမျှထိုတိုက်ပွဲကြီးကိုရှောင်လို့မရပါချေ။ ကျွန်ုပ်တို့၏စိတ်နှလုံးဆိုးညစ်မှုများနှင့်တိုက်လှန်ခြင်းပင်ဖြစ်ပါသည်။ မည်သူမျှထိုတိုက်ပွဲကြီးကိုရှောင်လို့မရပါချေ။ 'ငါတို့သည် အသွေးအသားရှိသောရန်သူတို့နှင့်ဆိုင်ပြိုင်တိုက်လှန်ရကြသည်မဟုတ်။' ငါတို့သည်လူဇာတိ၌ကျင်လည်သော်လည်း ဇာတိအလိုသို့လိုက်၍စစ်တိုက်ကြသည်မဟုတ်။ ငါတို့စစ်တိုက်၍သုံးစွဲသောလက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏တန်ခိုးတော်အားဖြင့်မြို့ရိုးမြို့ပြတို့ကိုဖြိုဖျက်နိုင်သောလက်နက်ဖြစ်၏။ ထိုလက်နက်အားဖြင့်လူတို့၏အကြံအစည်တို့ကိုလည်းကောင်းဘုရားသခင်ကိုသိသောပညာကို ဆီးတားသောမာန်မာနရှိသမျှတို့ကိုလည်းကောင်း၊ နှိမ့်ချမှောက်လှန်၍ခပ်သိမ်းသောစိတ်တို့ကို ဖမ်းဆီးသွားချုပ်ထားလျက်ခရစ်တော်၏စကားကိုနားထောင်စေကြ၏'။ ဧဖက် ၆း၁၂၊ ၂ကော ၁၀း၃-၅၊ (ရောမ ၇း၁၈-၂၅၊ ဂလာတိ ၅း၂၄ ကိုလည်းကြည့်ပါ) မိမိကိုယ်ကိုအောင်နိုင်ခြင်းသည်ကျွန်ုပ်တို့ရနိုင်သည့်အောင်ပွဲများတွင် အကြီးမားဆုံးသောအောင်ပွဲဖြစ်ပြီးထိုအောင်ပွဲကို ကျွန်ုပ်တို့၏အတွင်းကျကျတွင်သုတ်လိမ်းထားသည့်ခရစ်တော်၏အသွေးတော် ကျေးဇူးတော်အားဖြင့်သာ ရရှိနိုင်ကြပါသည်။ "ဘုရားသခင်၏သားဖြစ်သောသူမည်သည်ကား လောကကိုအောင်တတ်၏။ လောကကိုအောင်ခြင်းအကြောင်းမူကား ငါတို့၏ယုံကြည်ခြင်းပေတည်း" ၁ယော ၅း၄ (ဗျာဒိတ် ၁၂း၁၀-၁၇၊ ၁၄း၁၂)

ယေရှုခရစ်ကြွလာတော်မူသောအခါကိုယ်တော်သည် 'မြေကြီးစွန်းတိုင်အောင်စစ်မှုကိုငြိမ်းစေတော်မည်' (ဆာလံ ၄၆း၁၀) ထာဝရငြိမ်သက်ခြင်းမဖြစ်ပေါ်မီနောက်ဆုံးဖြစ်ပွားမည့် စစ်ပွဲကြီးအကြောင်းကိုဗျာဒိတ်ကျမ်း ၁၃-၂၂ တွင်ဖော်ပြထားပါသည်။ သမ္မာကျမ်းစာပါဤကဏ္ဍသည် သိပ္ပံစိတ်ကူးယဉ်ဝတ္ထုနှင့်ယုံတမ်းစကားများထက် စိတ်ဝင်စားစရာကောင်းပြီး အဖြစ်မှန်များလည်းဖြစ်ကြပါသည်။

ထိုနောက်ဆုံးတိုက်လှန်ပွဲကြီးအဆုံးသတ်သွားသောအချိန်တွင် သိုးသငယ်၏အသက်စာစောင်တွင် နာမည်ပါသူအပေါင်းတို့သည်ညီအစ်ကိုမောင်နှမအရင်းများနှယ်လုံခြုံအေးချမ်းစွာနေထိုင်ကြစဉ် "ဘုရားသခင်သည်သူတို့၏မျက်စိ၌

မျက်ရည်ရှိသမျှတို့ကိုသုတ်တော်မူမည်။ နောက်တဖန်သေဘေးမရှိရ။ စိတ်မသာ ညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား ရှေးဖြစ်ဖူးသောအရာတို့သည်ရွေ့သွားကြပြီ” ဗျာဒိတ် ၂၁း၄

မိမိအားထာဝရဘုရားဖွင့်ပြတော်မူသော အနာဂတ်မြင်ကွင်းများအကြောင်းနှင့်စပ်လျဉ်း၍ရှင်ယောဟန်ဖွင့်ဆိုထားသည်မှာ “တဖန်ကျောက်သလင်းကဲ့သို့ကြည်လင်၍ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်တော်ထဲက ထွက်သောအသက်ရေစီးရာမြစ်ကိုကောင်းကင်တမန်သည် ငါ့အားပြလေ၏။ မြို့လမ်းမအလယ်၌လည်းကောင်း၊ ထိုမြစ်နှစ်ဖက်၌လည်းကောင်း၊ အသက်ပင်ရှိ၏။ ထိုအသက်ပင်သည်အသီးတစ်ဆယ့်နှစ်မျိုးကိုသီးတတ်၏။ မိမိအသီးကိုလည်းလတိုင်းပေးတတ်၏။ အရွက်သည်လည်းလူအမျိုးမျိုးတို့၏ အနာရောဂါကိုငြိမ်းစရာဖို့ဖြစ်၏။ နောက်တဖန်ကျိန်ခြင်းဘေးတစ်စုံတစ်ခုမျှမရှိ။ ထိုမြို့၌ဘုရားသခင်နှင့်သိုးသငယ်၏ပလ္လင်ရှိ၍ ဘုရားသခင်၏ကျွန်တို့သည်ဘုရားဝတ်ကိုပြုကြလိမ့်မည်။ မျက်နှာတော်ကိုမြင်ရ၍သူတို့နဖူး၌လည်းနာမတော်ရေထားလျက်ရှိလိမ့်မည်။” ဗျာဒိတ် ၂၂း၁-၁၄

**မာဂုပညာရှိသုံးဦးတို့၏အမည်မှာအဘယ်သို့နည်း။**

ယေရှုထံသို့လာရောက်လည်ပတ်ကြသည့်မာဂုပညာရှိသုံးဦးတို့အား မိမိတို့ကြိုက်သလိုခေါ်နေကြသော်လည်း မိရိုးဖလာဆိုရိုးစကားများအရ ၄င်းတို့၏ အမည်မျာ ဂက်စပါ (GASPAR)- ဘောသစ် (BALTHASAR )- မက်ချီအော် (MELCHIOR) ဖြစ်ပါသည်။

သမ္မာကျမ်းစာကိုရှင်းလင်းတင်ပြထားသည့်ကျမ်းများတွင် ဂရိဘာသာအားဖြင့်မာဂုဟုခေါ်သည့်ပညာရှိများသည် ပညာတတ်အလွှာအသီးသီးမှ ပုဂ္ဂိုလ်များဖြစ်ကြသည်။ ဤပညာရှိများကိုမာဂုပညာရှိများဟုခေါ်သော်လည်း ထိုသူများသည် လက်လှည့်၊ မျက်လှည့်တတ်သောမှော်ဆရာများမဟုတ်ကြပါ။ ၄င်းတို့သည်အထက်တန်းစားမိသားစုမှပေါက်ဖွားကာ ပညတ်တတ်လူကုံထံများ သြဇာကတ္တိမနှင့်ပြည့်စုံသူများဖြစ်ကြသည်။ အတွေးခေါ် ပညာရှင်များ၊ ဘုရင်အကြံပေးအရာရှိများလည်းဖြစ်ကြသည်။ ၄င်းပြင်သူငယ်တော်ယေရှုထံသို့လာရောက်ဖူးမြော်ကြသည့် ထိုပညာရှိသုံးဦးမှာရုပ်တုကိုးကွယ်သူများမဟုတ်ကြပဲ သမ္မာဓိရှိသောလူဖြောင့်လူမှန်များဖြစ်ကြသည်။ (DA.PP 59,61)

သူတို့သည်ဓမ္မဟောင်းကျမ်းကိုလေ့လာကြရာ ဗာလမ်ပြောသည့်မေရှိယနှင့်ပတ်သက်သောအနာဂတ္တိစကားများဖြစ်သည့် “ကြယ်တစ်လုံးသည်ယာကုပ်

အမျိုး၌ပေါ်ထွန်းမည်” ဟူသောကျမ်းစကားကိုတွေ့ရှိခဲ့သည်။ (တောလည်ရာ ၂၄း၁၇) ဒံယေလ၏အချိန်ပိုင်းဆိုင်ရာအနာဂတ္တိစကားများကိုလည်း သိရှိ နားလည် ကောင်းနားလည်ကြလိမ့်မည်။ (ဒံယေလ ၉း၂၅-၂၆) ထို့ကြောင့် မေရှိယကြွလာရန် အချိန်နီးကပ်နေပြီဟု သူတို့မှတ်ချက်ချခဲ့ကြသည်။ ( DA.PP 61-62)

ခရစ်တော်ကိုဖွားမြင်သောညတွင် ထူးဆန်းသောကြယ်ကြီးတစ်လုံးသည် ကောင်းကင်ယံဝယ်ပေါ်ထွန်းလာကာ ကောင်းကင်အနောက်ဖက်ခြမ်းကိုဆက် လက်ထွန်းလင်းနေပါသည်။ (DA.P 60) ထိုပညာရှိများသည်ပေါ်ထွန်းနေသော ကြယ်ကြီး၏အရေးပါပုံကိုသိရှိကာ သမ္မာကျမ်းစာလိပ်များကိုတဖန်ဖွင့်၍လေ့လာ ကြပါသည်။ နှုတ်ကပတ်တော်ကိုနားလည်ရန်သူတို့ကြိုးစားနေကြစဉ် မေရှိယကို အရှာထွက်ရန်အိမ်မက်ရူပါရုံတွင်သွန်သင်ခြင်းခံကြရပါသည်။ သူတို့သည်အာဖြဟံ ကဲ့သို့ပင်ရှေးဦးပထမတွင် မည်သည့်အရပ်သို့သွားရမည်ကိုမသိသော်လည်း ထို ကြယ်ကြီးလမ်းပြသည့်အတိုင်းလိုက်သွားခဲ့ကြပါသည်။

ရိုးရာဓလေ့အရပညာရှိသုံးဦးဖြစ်သောကြောင့် လက်ဆောင်သုံးမျိုးဖြစ် သည်ဟုဖွင့်ဆိုကြသော်လည်း ဤကိစ္စနှင့်ပတ်သက်၍ကျမ်းစာကမည်သို့မျှဖွင့်ဆို မထားပါ။ (မဿဲ ၂း၁၁) ယုံတမ်းစကားများအရ ၎င်းတို့၏အမည်များမှာ ဂက်စပါ၊ ဘောသစ၊ မက်ချီအော် ဟုစိတ်ဝင်စားဖွယ်သိရှိရသော်လည်း များစွာတော့အရေး မပါလှပါ။ ၎င်းတို့သည်ရှင်ဘုရင်များဖြစ်သည်ဟူသော အခြေအမြစ်မရှိသည့် သဘောတရားတစ်ခုကိုလည်း ဟေရှာယ ၆၀း၃ မှဆွဲထုတ်ကာကောက်ချက်ချထား ပါသည်။ (ဗျာဒိတ် ၂၁း၂၄)

Nichol, Francis D, The Seventh-day Adventist Bible Commantary, (Washington D.C, Review and Herald Publishing Association), 1978.

## သမ္မာကျမ်းစာ

သမ္မာကျမ်းစာကိုကျွန်ုပ်တို့မည်ကဲ့သို့ရခဲ့ကြသနည်း။ မည်သည့်အရာများ ကိုဟောပြော၊ ရေးသားရမည်ကို၊ ရွေးချယ်ခြင်းခံရသောလူတို့အား ထာဝရဘုရား မိန့်တော်မူခဲ့ပါသည်။ ၂ပေ ၁း၂၁ “အနာဂတ္တိစကားသည်လူအလိုအားဖြင့် ဖြစ်ဖူးသည်မဟုတ် ဘုရားသခင်၏သန့်ရှင်းသူတို့သည်သန့်ရှင်းသောဝိညာဉ်တော် ၏တိုက်တွန်းတော်မူခြင်းကိုခံရ၍ဟောပြော၍၏”။

သမ္မာကျမ်းစာတွင်ပါရှိသည့်သတင်းစကားအားလုံးသည် ထာဝဘုရားထံမှ

လာ၏။ ၂တိ ၃း၁၆ "ကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူသော အားဖြင့်ဖြစ်၍ဩဝါဒပေးခြင်း၊ အပြစ်ကိုဖေါ်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏"။

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့အား ခရစ်တော်နှင့်မိတ်ဖွဲ့ပေးပါသည်။ ဟေဗြဲ ၁း၁-၂။ "ရှေးလွန်လေပြီးသောအခါ ပုရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်းဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည်ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့်ငါတို့အားဗျာဒိတ်ပေးတော်မူပြီ ထိုသားတော်ကိုအလုံးစုံတို့၏အမွေခံသခင်အရာ၌ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓါတ်တို့ကိုတည်တော်မူ၏။

မည်သည့်ရည်ရွယ်ချက်ဖြင့်သမ္မာကျမ်းစာကိုရေးသားထားရသနည်း။ ရောမ ၁၅း၄ "ငါတို့သည်ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်း၊အကြောင်းများကိုအမှီပြု၍ မြော်လင့်ရသောအခွင့်ရှိစေခြင်းငှာကျမ်းစာ၌အထက်က ရေးထားသမျှသည်ငါတို့ကိုဆုံးကဩဝါဒပေး၍ရေးထားသတည်း"။

သမ္မာကျမ်းစာကယုံကြည်သူတစ်ဦးအား မည်သည့်အရာများကိုလုပ်ဆောင်ပေးနိုင်သနည်း။ ၂တိ ၃း၁၅ "သင်သည်ယေရှုခရစ်ကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းအလို့ငှာ ပညာကိုပေးနိုင်သောဓမ္မကျမ်းစာကိုငယ်သောအရွယ်မှစ၍ လေ့ကျက်သည်ကိုသိမှတ်သည်နှင့်အထက်ကသင်၍နှလုံးသွင်းမိသော အယူဝါဒ၌ တည်နေလော့"။

မည်သည့်အခြေအနေတွင်ရပ်တည်မှ ဘုရားနှင့်ပတ်သက်သည့်သန့်ရှင်းသောအရာများကို နားလည်လိမ့်မည်ဟုကတိတော်ထားသနည်း။ သုတ္တံ ၂း၁-၆ "ငါ့သားသင်သည်ပညာစကားကိုနားထောင်၍ စေတနာစိတ်နှင့်ဉာဏ်ကိုရှာဖွေသည်တိုင်အောင်ငါ့စကားကိုနာခံ၍ ငါပညတ်တို့ကိုကိုယ်အထဲ၌သွင်းမိလျှင်လည်းကောင်း၊ သိပ္ပံအတတ်ကိုခေါ်၍ဉာဏ်နောက်သို့အသံကိုလွှင့်လျှင်လည်းကောင်း၊ ငွေကိုရှာတတ်သကဲ့သို့ပညာကိုရှာ၍ဝှက်ထားသောဘဏ္ဍာကို စူးစမ်းတတ်သကဲ့သို့ ဉာဏ်ကိုစူးစမ်းလျှင်လည်းကောင်း၊ ထာဝရဘုရားကိုကြောက်သောသဘော၌ ကျင်လည်၍ဘုရားသခင်ကိုသိသောဉာဏ်နှင့်ပြည့်စုံလိမ့်မည်။ အကြောင်းမူကား ထာဝရဘုရားသည်ပညာကိုပေးတော်မူတတ်၏။ နားလည်နိုင်သောဉာဏ်သည် နှုတ်ကပတ်တော်အားဖြင့်သာဖြစ်တတ်၏"။

သင်အားစိတ်မချမ်းမသာဖြစ်စေသည့် နှုတ်ကပတ်တော်အချို့ကိုမသိကျိုးကျွံမပြုပါနှင့်။ ယေရမိ ၂၆း၂ "ငါသည်သင်၌မှာထားသမျှသောစကားတို့ကိုဗိမာန်

တော်တံတိုင်းထဲမှာရပ်လျက်သူတို့အား ပြန်ပြောလော့တစ်ခွန်းကိုမျှ မထိမ်မဝှက်နှင့်”။

ဖတ်နေသောကျမ်းပိုဒ်ကိုသင်နားမလည်သောအချိန်တွင် သင့်ကိုကူညီရန် ဝိညာဉ်တော်ကိုစေလွှတ်ပေးတော်မူလိမ့်မည်။ ယောဟန် ၁၆း၁၃-၁၄။ “သမ္မာတရားနှင့်ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်လာသောအခါသမ္မာ တရားကိုသင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။ ထိုဝိညာဉ်တော်သည် ကိုယ်အလိုအလျှောက်ဟောပြောမည်မဟုတ်။ ကြားသမျှတို့ကိုဟောပြောလိမ့်မည်။ နောင်လာလတံ့သောအရာတို့ကိုလည်း သင်တို့အားဖေါ်ပြလိမ့်မည်”။

သမ္မာကျမ်းစာသည်အသက်ရှင်ခြင်းလမ်းကို ပြသောမြေပုံတစ်ပုံဖြစ်သည်။ ဆာလံ ၁၁၉း၁၉ “အကျွန်ုပ်သည်မြေကြီးပေါ်မှာဧည့်သည်ဖြစ်ပါ၏။ ပညတ်တော်တို့ကိုဝှက်ထားတော်မမူပါနှင့်”

သမ္မာကျမ်းစာသည်ဉာဏ်ကိုပေးတတ်၏။ ဆာလံ ၁၁၉း၉၉ “သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်သည်ဆင်ခြင်အောက်မေ့သောကြောင့် အကျွန်ုပ်၏ ဆရာအပေါင်းတို့ထက်သာ၍နားလည်ပါ၏။”

လျှောက်လှမ်းရမည့်ခရီးကို သမ္မာကျမ်းစာကရှင်းရှင်းလင်းလင်းပြသပါသည်။ ဆာလံ ၁၁၉း၁၀၅ “နှုတ်ကပတ်တော်သည်အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏။”

သမ္မာကျမ်းစာကဘုရားသခင်၏ပြောင်းလဲခြင်းမရှိသော အမိန့်တော်ကိုကျွန်ုပ်တို့အားပေးတော်မူ၏။ မဿဲ ၅း၁၈ “ငါအမှန်ဆိုသည်ကားကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ်တိကျမ်း၌အငယ်ဆုံးသောစာလုံး ဗိန္ဒုတစ်လုံးမျှပြည့်စုံခြင်းသို့မရောက်မီမပျက်စီးရ။”

သမ္မာကျမ်းစာကိုမည်သို့လေ့လာကြမည်နည်း။ ဟေရှာ ၂၈း၉-၁၀ “သူတို့က အဘယ်သူကိုပညာသွန်သင်ချင်သနည်း။ အဘယ်သူကိုတရားနားလည်စေချင်သနည်း။ ငါတို့သည်နို့နှင့်ကွာစရှိသောသူ၊ အမိသားမြတ်နှင့်အနိုင်ကွာရသောသူဖြစ်ကြသလော။ ပညတ်တစ်ခုပေါ်မှာတစ်ခု တစ်ခုပေါ်မှာတစ်ခုတစ်နည်းပေါ်မှာတစ်နည်း တစ်နည်းပေါ်မှာတစ်နည်း သည်ဘက်မှာအနည်းငယ် ဟိုဘက်မှာအနည်းငယ်ရှိပါတကားဟုဆိုကြ၏။” တမန် ၁၇း၁၁ “ဗေရိမြို့သား တို့သည် သက်သာလောနိမြို့သားတို့ထက် ထူးမြတ်သဖြင့်အလွန်ကြည်ညိုသော စိတ်နှင့် နှုတ်ကပတ်တရားတော်ကို ခံယူ၍မှန်သည်မမှန်သည်ကိုသိခြင်းငှာ ကျမ်းစာကိုနေ့တိုင်းအစဉ်စေ့စေ့ကြည့်ရှုကြ၏။”

မည်သူတို့သည်မင်္ဂလာရှိကြသည်ဟု ခရစ်တော်ကောင်းချီးပေးတော်မူခဲ့သနည်း။ လုကာ ၁၁း၂၈ "ဘုရားသခင်၏နှုတ်ကပတ်တော်ကိုနာ၍ ကျင့်စောင့်သောသူသည်မြတ်စွာသောမင်္ဂလာရှိသည်"။

## ချစ်ခင်ပေါင်းသင်းခြင်း (ဝါ) တွဲခြင်း

မည်သည့်ပုဂ္ဂိုလ်မျိုးနှင့်ကျွန်ုပ်တို့တွဲသင့်ကြသနည်း။ ၂တိ ၂း၂၂ "လူပျိုတို့သည်ကိလေသာစိတ်ကိုကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍ သခင်ဘုရားကိုပဌာနာပြုသောသူတို့နှင့်အသင့်အတင့်နေခြင်းတို့ကိုမှီအောင်လိုက်လော့"။

ဘုရားသခင်ကိုမချစ်သောသူများနှင့်တွဲခြင်းသည် ပညာမဲ့ရာရောက်သည်။ ၂ကော ၆း၁၄း၁၅ "မယုံကြည်သောသူတို့နှင့်တွဲဖက်၍ဆန့်ကျင်ဘက်ဖြစ်သောထမ်းဘိုးကိုမထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကိုအဘယ်သို့လက်ခံနိုင်မည်နည်း။ အလင်းသည်မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံနိုင်မည်နည်း။ ခရစ်တော်သည်ဗေလျာလနှင့်အဘယ်သို့သင့်တင့်နိုင်မည်နည်း။ ယုံကြည်သောသူသည်မယုံကြည်သောသူနှင့်အတူ အဘယ်အကျိုးအပြစ်ကိုခံရမည်နည်း" အာမုတ် ၃း၃ "လူနှစ်ဦးသည်သဘောမတူလျှင်ပေါင်းဖေါ်၍ခရီးသွားနိုင်သလော"။

ခရစ်ယာန်ဖြစ်သော်လည်းခရစ်ယာန်တစ်ဦးကဲ့သို့မနေသူတစ်ဦးနှင့်မပေါင်းနှင့်။ ၁ကော ၅း၁၁။ "ညီအစ်ကိုဟုခေါ်ဝေါ်သောသူသည်မတရားသောမေထုန်၌မှီဝဲခြင်း၊ လောဘလွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ ဆဲရေးကဲ့ရဲခြင်း၊ သေရည်သေရက်နှင့်ယစ်မူးခြင်း၊ အနိုင်အထက်လုယူခြင်းမှစ၍ ထိုသို့သောအမှုကိုပြုသောသူနှင့်မပေါင်းဖေါ်ရသည်သာမက ထိုသူနှင့်အတူစားသောက်ခြင်းကိစ္စကိုမျှမပြုရ"။

စိတ်တိုတတ်သူများကိုမပေါင်းဖေါ်ကြနှင့်။ သုတ္တံ ၂၂း၂၄ "စိတ်တိုသောသူကိုမိတ်ဆွေမဖွဲ့နှင့်။ အမျက်ပြင်းထန်သောသူနှင့်အတူမလိုက်နှင့်"။

ပျင်းရိသောခရစ်ယာန်များနှင့်မတွဲကြနှင့်။ ၂သက် ၃း၆ "ညီအစ်ကိုတို့ငါတို့ထံ၌ခံသောနည်းဥပဒေသအတိုင်းမကျင့်ပဲ မတရားစွာပြုသောညီအစ်ကိုရှိသမျှတို့ကိုရှောင်ကြလော့ဟုငါတို့သခင်ယေရှု၏ နာမတော်အားဖြင့်ငါတို့သည်ပညတ်ထားကြ၏။

အတွင်းစိတ်လှပခြင်းသည်အဖိုးတန်ဆုံးဖြစ်သည်။ ၁ပေ ၃း၄ "ဘုရားသခင်ရှေ့မှာအဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော

မဖေါက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသောစိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့"။

သဘောထားကောင်းသူများ၌ပေါင်းဖေါ်ကြလော့။ ရောမ ၁၅း၅-၆ "သင်တို့သည်ငါတို့သခင်ယေရှုခရစ်၏ ခမည်းတော်တည်းဟူသောဘုရားသခင်ကို တညီတညွတ်တည်းနှုတ်မြွက်၍ချီးမွမ်းစေခြင်းငှာ ယေရှုခရစ်၏အလိုတော်အတိုင်း အချင်းချင်းစိတ်တညီတညွတ်တည်းရှိမည်အကြောင်း သည်းခံခြင်း၊ သက်သာခြင်း၏အရှင် ဘုရားသခင်သည်ကယ်မသနားပါစေသော"။

သင့်ကိုထောက်ခံအားပေးသူများနှင့်တွဲပါ ပေါင်းဖေါ်ပါ။ ဖိ ၂း၁-၂ "ထိုကြောင့်ခရစ်တော်၌သက်သာခြင်း မေတ္တာနှင့်စပ်ဆိုင်သောချမ်းသာခြင်း၊ ဝိညာဉ်တော်နှင့်မိတ်သဟာရဖွဲ့ခြင်း၊ သနားစုံမက်ခြင်းတည်းဟူသောအရာ တစ်စုံတစ်ခုရှိလျှင်သင်တို့သည် အချင်းချင်းချစ်ကြ၍စိတ်မကွဲပြားပဲ တစ်လုံးတဝတည်းကြံစည်ခြင်းနှင့်တကွ သဘောတညီတညွတ်တည်းရှိသောအားဖြင့် ငါ၏ဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့"။

တစ်ဦးနှင့်တစ်ဦးပေါင်းဖေါ်ခြင်းအမှုကိုလျစ်လျူရှုမထားပဲ အချင်းချင်းဂရုစိုက်စောင့်ရှောက်ကြပါ။ ဖိ ၂း၄ "ကိုယ်အမှုအရာကိုသာမရှုမမှတ်ပဲ သူ့အမှုအရာကိုအချင်းချင်းရှုမှတ်ကြလော့"။

ပေါင်းဖေါ်ခြင်းအမှုတွင်တဖြည်းဖြည်းတိုးတက်ပါစေ။ ၂ပေ ၁း၆-၇ "သင်တို့သည်ယုံကြည်ခြင်း၌သီလကိုလည်းကောင်း၊ သီလ၌ပညာကိုလည်းကောင်း၊ ပညာ၌ကာမဂုဏ်ချုပ်တည်းခြင်းကိုလည်းကောင်း၊ သည်းခံခြင်း၌ဘုရားဝတ်ကိုပြု၍မွေ့လျော်ခြင်းကိုလည်းကောင်း၊ ထိုမွေ့လျော်ခြင်း၌ညီအစ်ကိုစုံမက်ခြင်းကိုလည်းကောင်း၊ ညီအစ်ကိုစုံမက်ခြင်း၌ချစ်ခြင်းမေတ္တာကိုလည်းကောင်း၊ အလွန်ကြိုးစားအားထုတ်၍ထပ်ဆင့်ကြလော့"။

ပေါင်းဖေါ်ရာတွင်မည်သည့်အရာကိုရှောင်ရမည်နည်း။ ရောမ ၁၃း၁၃ "ပွဲလုပ်ခြင်း၊ ယစ်မျိုးသောက်ကြူးခြင်း၊ မတရားသောမေထုန်၌မှီဝဲခြင်း၊ ကိလေသာညစ်ညူးခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်းအမှုတို့ကိုရှောင်ကြဉ်၍ နေ့အချိန်ကဲ့သို့တင့်တယ်လျောက်ပတ်စွာကျင့်ဆောင်ပြုမူကြကုန်အံ့"။

ပေါင်းဖေါ်ရာတွင်သံဝါသကိစ္စများနှင့်ကင်းရှင်းပါစေ။ ၁ကော ၆း၁၃၊၁၈ "အစားအသောက်တို့သည်ဝမ်းအဖို့ ဝမ်းသည်လည်းအစားအသောက်တို့အဖို့ဖြစ်သည်။ မှန်စေတော့သို့သော်လည်း ဘုရားသခင်သည်ထိုနှစ်ပါးကိုဖျက်ဆီးတော်မူလိမ့်မည်။ ကိုယ်ခန္ဓာသည်မတရားသောမေထုန်အဖို့ဖြစ်သည်မဟုတ်သခင်ဘုရား

သခင်ဘုရားအဖို့ဖြစ်သည်။ ထိုကြောင့်မတရားသောမေထုန်ကိုကြဉ်ရှောင်ကြလော့။ လူပြုတတ်သောအခြား ဒုစရိုက်ရှိသမျှတို့သည် ကိုယ်ပြင်၌ရှိ၏။ မတရားသော မေထုန်ကိုပြုသောသူမူကား မိမိကိုယ်ကိုပင်ပြစ်မှား၏"။

သင့်ကိုယ်သင်သန့်ရှင်းအောင်ထိန်းသိမ်းစောင့်ရှောက်ပါ။ ၁ယော ၃း၃ "ထိုသို့မြော်လင့်သောသူမည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏"။

မိမိကိုယ်ကိုထိခိုက်နစ်နာမှုမရှိနိုင်စေရန် ကိလေသာစိတ်များကိုခရစ်တော်၏ထိန်းချုပ်မှုအောက်တွင်ထားပါ ။ ၁သက် ၄း၃-၅ "ဘုရားသခင်၏အလိုတော်ဟူမူကားသင်တို့သည်မတရားသောမေထုန်ကိုကြဉ်ရှောင်၍ သန့်ရှင်းစေခြင်းငှာလည်းကောင်း၊ ဘုရားသခင်ကိုမသိသောသာသနာပလူတို့သည် ကိလေသာတပ်မက်ခြင်းရှိသကဲ့သို့မရှိ သင်တို့အပေါင်းတို့သည်သန့်ရှင်းခြင်း အသရေတင့်တယ် ခြင်းနှင့်မိမိကိုယ်ကိုမိမိထိန်းတတ်စေခြင်းငှာလည်းကောင်း၊ ဤအမှုအရာ၌ ကျူး၍ညီအစ်ကို ကို ပရိယာယ်အားဖြင့် မပြစ်မှားစေခြင်းငှာလည်းကောင်း၊ အလိုတော်ရှိ၏။

အကယ်၍သင်သည်ဤအမှုအရာများကို ထဲထဲဝင်ဝင်ကျူးလွန်မိခဲ့ပြီ ဆိုလျှင်မည်သို့လုပ်ဆောင်သင့်သနည်း။

(၁) ရှေ့ဦးစွာသင့်အပြစ်များကို သင်အသိအမှတ်ပြုပါ။ ဆာလံ ၅၁း၂-၄ "ဒုစရိုက်အညစ်အကြေးကို အကုန်အစင်ဆေးကြော၍အကျွန်ုပ်ကိုသန့်ရှင်းစေတော်မူပါ။ အကျွန်ုပ်လွန်ကျူးပါပြီဟုဝန်ချလျက် ကိုယ်အပြစ်ကိုအစဉ်မပြတ်အောက်မေ့လျက်နေပါပြီ" ဟုဆုတောင်းပါ။

(၂) ထိုနောက်အပြစ်လွှတ်ခြင်းအခွင့်ကိုတောင်းခံပါ။ ဆာလံ ၅၁း၇-၁၂ "အကျွန်ုပ်ကိုစင်ကြယ်စေခြင်းငှာဟု ဿုပ်ပင်ညွှန့်နှင့် သန့်ရှင်းခြင်းမင်္ဂလာပေးတော်မူပါ။ အကျွန်ုပ်ကိုမိုးပွင့်ထက်သာ၍ ဖြူစေခြင်းငှာဆေးကြောတော်မူပါ။ စိတ်သက်သာဝမ်းမြောက်ခြင်းရှိမည်အကြောင်း စကားကိုကျွန်ုပ်အားကြားစေတော်မူပါ။ သို့ပြုလျှင်ချိုးဖဲ့တော်မူသောအရိုးတို့သည် ရွှင်မြူးခြင်းရှိကြပါလိမ့်မည်။ ကျွန်ုပ်လွန်ကျူးခြင်းဒုစရိုက်တို့မှ မျက်နှာတော်ကိုလွှဲ၍အကျွန်ုပ်အပြစ်ရှိသမျှတို့ကို ဖန်ဆင်းတော်မူပါ။ မြဲမြံတည်ကြည်သောသဘောကိုအသစ်ပြုပြင်တော်မူပါ။ အကျွန်ုပ်ကိုအထံတော်ထဲကနှင်ထုတ်တော်မမူပါနှင့်။ သန့်ရှင်းသောဝိညာဉ်တော်ကိုရုတ်သိမ်းတော်မမူပါနှင့်။ ကယ်တင်တော်မူခြင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်းအခွင့်ကိုပြန်၍ပေးသနားတော်မူပါ။ ကြည်ညိုသောစေတနာစိတ်သဘောသည် အကျွန်ုပ်ကို

ထောက်မပါစေသော်"။

(၃) သင်၏အပြစ်များကိုထာဝရဘုရားအမှန်တကယ်ခွင့်လွှတ်သည်ကို ယုံကြည်ကာအပြစ်ရှိနေသည်ဟူသောခံစားချက်ကို ဖျောက်ဖျက်လိုက်ပါ။ ဆာလံ ၃၂း၁-၇ "အပြစ်မှလွှတ်ခြင်း၊ ဒုစရိုက်အပြစ်ကိုဖုံးအုပ်ခြင်းသို့ရောက်သောသူသည် မင်္ဂလာရှိ၏။ ထာဝရဘုရားအပြစ်တင်တော်မူခြင်းနှင့်လွတ်၍ လှည့်စားတတ်သော စိတ်သဘောနှင့်ကင်းစင်သောသူသည် မင်္ဂလာရှိ၏။ ငါသည်အပြစ်ကိုမဖော်မပြပဲ နေစဉ်အခါတစ်နေ့လုံးညည်းတွားသောအားဖြင့် ငါ့အရိုးတို့သည်ဆွေးမြေ့ခြင်းသို့ ရောက်ကြ၏။ နေ့ညမပြတ်ကိုယ်တော်၏လက်သည် အကျွန်ုပ်အပေါ်မှာလေး၍ အကျွန်ုပ်၏ချွေးရည်သည် နွေကာလ၌သွေ့ခြောက်ခြင်းကဲ့သို့ဖြစ်ပါ၏။ တဖန် အကျွန်ုပ်သည်ကိုယ်အပြစ်ကို ရှေ့တော်၌ဝန်ချပါ၏။ ပြုမိသောဒုစရိုက်ကို ဝှက်၍ မထားပါ။ ငါလွန်ကျူးသောအရာကိုထာဝရဘုရားအား ဖော်ပြတောင်းပန် မည်ဟု ပြောဆိုသောအခါ ကိုယ်တော်သည်အကျွန်ုပ်ပြစ်မှားခြင်းအပြစ်ကိုလွှတ် တော်မူ၏။ ထိုကြောင့်ကိုယ်တော်ကိုတွေ့သင့်သောအချိန်ကာလ၌ သန့်ရှင်းသူ အပေါင်းတို့ သည်ရှေ့တော်၌တောင်းလျှောက်ကြပါလိမ့်မည်။ အကယ်စင်စစ် လွှမ်းမိုးတတ် သောရေကြီးသည် သူတို့ကိုမချဉ်းရပါ။ ကိုယ်တော်သည်အကျွန်ုပ် ခိုလှုံရာ ဖြစ်တော်မူ၏။ အကျွန်ုပ်ကိုဘေးလွတ်စေခြင်းငှာ ကွယ်ကာစောင့်မတော်မူ၏။ ကယ်လွှတ်ကြောင်းကိုဆိုသော သီချင်းနှင့်အကျွန်ုပ်ကိုခြံရံစေတော်မူ၏။"

ထာဝရဘုရားသည်သင့်အတွက် ဘဝကြင်ဖော်တစ်ယောက်ကိုစီစဉ်ထား တော်မူပြီ။ ကမ္ဘာ ၂း၁၈ "ထာဝရအရှင်ဘုရားသခင်သည် ယောကျ်ားသည် တစ်ယောက်တည်းမနေကောင်း၊ သူနှင့်တော်သောအထောက်အမကို သူ့အဖို့ငါ လုပ်ဦးမည်ဟုအကြံရှိတော်မူ၏။"

ဘဝကြင်ဖော်တစ်ယောက်ရရှိဖို့ဆုတောင်းပါ။ သုတ္တံ ၁၉း၁၄ "အိမ်နှင့်စည်းစိမ်သည် မိဘအမွေဥစ္စာဖြစ်၏။ သမ္မာသတိရှိသော မယားမူကား ထာဝရဘုရားပေးသနားတော်မူရာဖြစ်၏"။

ထာဝရဘုရားသည် သင်၏အလိုဆန္ဒကိုဖြည့်ဆည်းပေးတော်မူလိမ့်မည်။ ဆာလံ ၃၄း၄၊ မဿဲ ၆း၈ "ထာဝရဘုရား၌မွေ့လျော်ခြင်းရှိလော့။ သို့ပြုလျှင် စိတ်နှလုံးအလိုပြည့်စုံသောအခွင့်ကိုပေးတော်မူမည်" "သင်တို့အလိုရှိသမျှတို့ကို သင်တို့မတောင်းမှီ သင်တို့အဘသိတော်မူ၏။"

## လှူပတင့်တယ်ခြင်း

မည်သည့်လှပတင့်တယ်ခြင်းမျိုးက အမှန်တန်းဖိုးရှိပါသနည်း။ စစ်မှန်တန်ဖိုးရှိသောလှပတင့်တယ်ခြင်းဟူသည်မှာ လူပုဂ္ဂိုလ်တစ်ဦး၏စိတ်နှလုံးကောင်းမြတ်ခြင်းဖြစ်ပြီး အခြားလူသားများကိုလည်း အကျိုးပြုတတ်ပါသည်။ ၁ပေ ၃း၃-၄ "သင်တို့၌တန်ဆာဆင်ခြင်းမူကား ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်းတည်းဟူသော အပြင်တန်ဆာဆင်ခြင်းမဖြစ်စေဘဲ ဘုရားသခင်ရှေ့မှာ အဖိုးများစွာထိုက်သော နူးညံ့ငြိမ်သက်ခြင်းသဘောတည်းဟူသော မဖောက်ပြန်၊ မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသောစိတ်နှလုံး၏အတွင်းလူဖြစ်စေကြလော့"။

စစ်မှန်သောလှပတင့်တယ်ခြင်းသည် ကိုယ်အကျိုးကိုသာမျှော်ကိုးတတ်ခြင်းမဟုတ်ပါ။ ၁တိ ၂း၉-၁၀ "မိန်းမတို့သည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ကျောက်ပုလဲ၊ အဖိုးထိုက်သောအဝတ်နှင့်ကိုယ်ကိုမဆင်ဘဲ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့် လျောက်ပတ်သောအဝတ်နှင့်လည်းကောင်း၊ ဘုရားသခင်အား ရိုသေလေးမြတ်ခြင်းကိုဝန်ခံပြုစုသော မိန်းမဆင်သင့်သည့် အတိုင်းကောင်းသောအကျင့်နှင့်လည်းကောင်း ကိုယ်ကိုတန်ဆာဆင်စေခြင်းငှါ ငါအလိုရှိ၏။"

စစ်မှန်သောလှပခြင်းကိုသခင်ဘုရား၌တွေ့ရှိရသည်။ ဆာလံ ၉၀း၁၇ "ထာဝရဘုရား၏ကျေးဇူးတော် (လှပခြင်း) သည်အကျွန်ုပ်တို့အပေါ်သို့ ကျရောက်ပါစေသော"

## သေခြင်း

ကျွန်ုပ်တို့သည်သေခြင်းကိုမည်သို့ရင်ဆိုင်ရမည်နည်း။ ထာဝရဘုရားသည်ကျွန်ုပ်တို့နှင့်အတူရှိနေမည်ဆိုလျှင် ကျွန်ုပ်တို့ကြောက်စရာမလိုပါ။ ဆာလံ ၂၃း၄ "အကယ်၍သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့လျှောက်သွားရသော်လည်း ဘေးအန္တရာယ်ကိုမကြောက်ပါ။ အကြောင်းမူကား ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိတော်မူသည်ဖြစ်၍ လှံတံတော်နှင့်တောင်ဝှေးတော်သည် အကျွန်ုပ်ကိုချမ်းသာစေပါ၏"။

သေခြင်းသည်မည်သည့်အရာနှင့်တူပါသနည်း။ အိပ်ပျော်ခြင်းနှင့်တူပါသည်။ ၁သက် ၄း၁၃၊ ယောဟန် ၁၁း၁၁-၁၄ "ညီအစ်ကိုတို့မြော်လင့်ခြင်းမရှိသောအခြားသူတို့သည် ဝမ်းနည်းသကဲ့သို့ သင်တို့သည်ဝမ်းမနည်းမည်အကြောင်း အိပ်ပျော်သောသူတို့၏အမှုအရာကို မသိဘဲနေစေခြင်းငှါ ငါတို့အလို

မရှိ" "ငါတို့အဆွေလာဇရုသည် အိပ်ပျော်၏။သူ့ကိုနိုးခြင်းအလို့ငှါ ငါသွားမည်ဟု မိန့်တော်မူ၏။ တပည့်တော်တို့ကလည်း သခင် သူသည်အိပ်ပျော်လျှင် သက်သာရလိမ့်မည်ဟု လျှောက်ကြ၏။ ယေရှုသည်လာဇရုသေကြောင်းကို ရည်မှတ်၍ မိန့်တော်မူသော်လည်း ပကတိအိပ်ပျော်ကြောင်းကို မိန့်တော်မူသည်ဟု တပည့်တော်တို့သည် ထင်မှတ်ကြ၏။ ထို့ကြောင့်ယေရှုက လာဇရုသေပြီဟု အတိအလင်း မိန့်တော်မူ၏"။

လူသေများသည်မည်သည့်နေရာတွင် အိပ်နေကြသည်ဟု ဒံယေလ ပြောပါသနည်း။ ဒံယေလ ၁၂း၂ "ထိုအခါမြေမှုန့်၌ အိပ်ပျော်သောသူများတို့သည် နိုးကြလိမ့်မည်"။ သေသောသူများသည် တစ်ခုခုကိုသိရှိကြပါသလား . . ဒေသနာ ၉း၅-၆၊ ၁၀ "အသက်ရှင်သောသူသည် သေရမည်ကိုသိ၏။သေသောသူမူကား အဘယ်အရာကိုမျှမသိ။ အကျိုးအပြစ်ကိုလည်း မခံရ။ သူ့ကိုလည်း မေ့လျော့တတ်ကြ၏။ သူ၏ချစ်ခြင်း၊ မုန်းခြင်း၊ ငြူစူခြင်းလည်းပျောက်ပျက်၏။ နေအောက်မှာပြုသမျှသောအမှု၌ သူတပါးနှင့်ရောနှော၍မဆိုင်ရ"။ "ဆောင်ရွက်စရာအမှုရှိသမျှကို ကြိုးစားအားထုတ်၍ဆောင်ရွက်လော့။ အကြောင်းမူကား သင်ယခုသွား၍ရောက်ရလတံ့သောအရပ်တည်းဟူသော မရဏာနိုင်ငံ၌လုပ်ဆောင်ခြင်း မရှိ၊ ကြံစည်ခြင်းမရှိ၊ သိပ္ပံအတတ်မရှိ၊ ပညာမရှိပါတကား"။

သို့ရာတွင်သေခြင်းသည် လမ်းဆုံးမဟုတ်ပါ။ ဟေရှာယ ၂၆း၁၉ "ကိုယ်တော်၏လူသေတို့သည်အသက်ရှင်ကြလိမ့်မည်။ ငါ၏အသေကောင်တို့သည်လည်း ထမြောက်ကြပါလိမ့်မည်။ မြေမှုန့်၌နေသောသူတို့ နိုး၍သီချင်းဆိုကြလော့။"

သေဆုံးနေသူများအတွက်မည်သည့်ကတိတော်ကို ခရစ်တော်ပေးထားသနည်း။ "သူတို့ကိုမရဏာနိုင်ငံတန်ခိုးမှ ငါကယ်လွှတ်မည်။ သေမင်းလက်မှလည်း ရွေးမည်" ရှင်ပြန်ထမြောက်ခြင်းတန်ခိုးသည် ခရစ်တော်ထံမှလာပါသည်။ ၁ကော ၁၅း၂၁-၂၂ "သို့ဖြစ်၍လူအားဖြင့်သေခြင်းတရားသည် တည်သကဲ့သို့သေသောသူတို့၏ထမြောက်ခြင်းတရားသည် လူအားဖြင့်တည်လျက်ရှိ၏။ လူအပေါင်းတို့သည်အာဒံအားဖြင့် သေခြင်းသို့ရောက်သည်နည်းတူ လူအပေါင်းတို့သည်ခရစ်တော်အားဖြင့်အသက်ရှင်ခြင်းသို့ရောက်ရကြလတံ့"။

ထာဝရဘုရားသည်အဘယ်ကြောင့်သားတော်ကို ဤလောကအတွက်ပေးသနားတော်မူခဲ့ရသနည်း။ ယောဟန် ၃း၁၆ "ဘုရားသခင်၏သားတော်ကိုယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကိုရစေခြင်းငှါဘုရား

သခင်သည်မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားများကိုချစ်တော်မူ၏။”

လူကောင်းရော လူဆိုးများပါထမြောက်ကြလိမ့်မည်။ ယောဟန် ၅း၂၈-၂၉ “ဤအမှုအရာကိုအံ့ဩခြင်းမရှိကြနှင့်။ သင်္ချိုင်းများမှာရှိသောသူအပေါင်းတို့သည်သားတော်၏စကားသံကိုကြား၍ ထွက်ရမည့်အချိန်ကာလရောက်လတံ့။ ကောင်းသောအကျင့်ကိုကျင့်သောသူတို့သည် အသက်ရှင်ရာထမြောက်ခြင်းသို့လည်းကောင်း၊ ဆိုးယုတ်သောအကျင့်ကိုကျင့်သောသူတို့သည် အပြစ်စီရင်ရာထမြောက်ခြင်းသို့လည်းကောင်း၊ ထွက်ရကြလတံ့”။

ဖြောင့်မတ်သောသူတို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအချိန်တွင်ထမြောက်ကြလိမ့်မည်။ ၁သက် ၄း၁၆-၁၇။ “သခင်ဘုရားသည်ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌သေလွန်သောသူတို့သည် အဦးထမြောက်ကြလိမ့်မည်။”

ရှင်ပြန်ထမြောက်ပြီးနောက်မည်သူများနှင့်တူလိမ့်မည်နည်း။ ဖိ ၃း၂၀-၂၁ “ငါတို့ကျင်းသောအကျင့်မူကား ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်တော်မူသောအရှင်သခင် ယေရှုခရစ်သည်ကောင်းကင်ဘုံမှကြွလာတော်မူမည်ဟုငါတို့သည်မြော်လင့်လျက်နေကြ၏။ ထိုသခင်သည်ခပ်သိမ်းသောအရာကိုပင် မိမိအောက်၌နှိမ့်ချနိုင်တော်မူသော ပြုပြင်အားထုတ်ခြင်းအားဖြင့် ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင် ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူဖြစ်စေခြင်းငှါ အသစ်ပြင်ဆင်တော်မူလတံ့။”

ရှင်ပြန်ထမြောက်သည့်ဖြောင့်မတ်သူများ၏သက်တမ်းကား မည်သို့နည်း။ လုကာ ၂၀း၃၆ “သေခြင်းနှင့်အစဉ်ကင်းလွတ်၍ကောင်းကင်တမန်ကဲ့သို့ ဖြစ်သည်သာမက ထမြောက်ခြင်း၏သားဖြစ်သောကြောင့် ဘုရားသခင်၏သားဖြစ်ကြ၏”

ဆိုးယုတ်သူများသည်ပထမထမြောက်ခြင်းပြီးသည့်နောက် ကာလမည်မျှထမြောက်ကြလိမ့်မည်နည်း။ ဗျာဒိတ် ၂၀း၄-၅ “သူတို့ (ဖြောင့်မတ်သူများ) သည်အသက်ရှင်၍ အနှစ်တစ်ထောင်ပတ်လုံးခရစ်တော်နှင့်အတူ စိုးစံရကြ၏။ ကြွင်းသောလူသေတို့သည် အနှစ်တစ်ထောင်မကုန်မှီအသက်မရှင်ရကြ။”

ထိုသူများ၏ကံကြမ္မာသည်မည်သို့ဖြစ်သနည်း။ ဗျာဒိတ် ၂၀း၉ “ကောင်းကင်မှမီးကျ၍ သူတို့ကိုမျိုလေ၏။”

မည်သူတို့သည်ထိုဆိုးယုတ်သူများဖြစ်ကြသနည်း။ ဗျာဒိတ် ၂၁း၈

“ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊စက်ဆုပ်ရွံရှာဖွယ်သောသူ၊ လူ့အသက်ကိုသတ်သောသူ၊ မတရားသောမေထုန်မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်တုကိုကိုးကွယ်သောသူ၊ သစ္စာပျက်သောသူ အပေါင်းတို့မူကား ဒုတိယသေခြင်းတည်းဟူသောကန့်နှင့်လောင်သောမီးအိုင်ထဲမှာ မိမိတို့အဖို့ကိုရကြလိမ့်နည်း”။

## ယုံကြည်ခြင်း

မည်သည့်အရာသည်ယုံကြည်ခြင်းဖြစ်သနည်း။ ဟေဗြဲ ၁၁း၁ “ယုံကြည်ခြင်းသည်မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်၏။ မမြင်သေးသောအရာတို့ကိုစွဲလမ်းခြင်းအကြောင်းဖြစ်၏။”

ခရစ်တော်သည်ယုံကြည်ခြင်း၏ အရင်းအမြစ်ဖြစ်တော်မူ၏။ လုကာ ၁၇း၅ ရောမ ၁၀း၁၇ “တမန်တော်တို့က အကျွန်ုပ်တို့ယုံကြည်ခြင်းစိတ်ကိုတိုးပွားစေတော်မူပါဟု သခင်ဘုရားကိုတောင်းပန်ကြ၏” “ယုံကြည်ခြင်းသည်ကြားနားခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏”။

စစ်မှန်သောယုံကြည်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့အတွက်ခရစ်တော်ပြုတော်မူခဲ့သည့်အရာများကို ယုံကြည်ခြင်းဖြစ်သည်။ ရောမ ၅း၁ “ထို့ကြောင့်ငါတို့သည်ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်အားဖြင့်ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏”။

ယုံကြည်ခြင်းဆိုသည်အလုံးစုံတို့၌ ဘုရားသခင်ကိုကိုးစားခြင်းဖြစ်သည်။ ဟေဗြဲ ၁၀း၃၈ “ဖြောင့်မတ်သောသူတို့သည် ယုံကြည်ခြင်းအားဖြင့်အသက်ရှင်လိမ့်မည်။ သို့သော်ရွေ့လျော့လျှင်ငါ့စိတ်ဝိညာဉ်သည် ထိုသူကိုအားရနှစ်သက်ခြင်းမရှိဟု ဘုရားသခင်အမိန့်တော်ရှိ၏”။

အားနည်းသောယုံကြည်ခြင်းသည် ဘုရားသခင်မစမှုဖြင့်အားကောင်းသောယုံကြည်ခြင်းဖြစ်လာနိုင်သည်။ မာကု ၉း၂၄ “သူငယ်၏အဖသည်ချက်ခြင်းဟစ်ကြော်၍ အကျွန်ုပ်ယုံကြည်ပါ၏သခင် မယုံကြည်သည်ကိုမစတော်မူပါဟုမျက်ရည်နှင့်လျှောက်ပြန်လေ၏”

## မြော်လင့်ခြင်း

ကျွန်ုပ်တို့အတွက်ဘုရားသခင်ပြုတော်မူခဲ့သောအရာများကို အောက်မေ့သတိရခြင်းမှမြော်လင့်ခြင်းပေါက်ဖွားလာပါသည်။ ရောမ ၅း၁-၂ “ထို့ကြောင့်ငါတို့သည်ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင်ငါတို့သခင်ယေရှုခရစ်တော်အားဖြင့်ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏။ ထိုကျေးဇူး

တော်ကိုခံစားရသည်အကြောင်းမှာ ယုံကြည်ခြင်းရှိ၍ထိုသခင်အားဖြင့်သာ အခွင့်ကိုရကြ၏။ သို့ဖြစ်၍ဘုရားသခင်၏ဘုန်းတော်ကိုမြော်လင့်၍ ဝါးကြွားဝမ်းမြောက်ခြင်းရှိကြ၏။”

မြော်လင့်ခြင်းကြောင့်အခြားကောင်းသောသီလများ တိုးပွားလာပါသည်။ ကောလောသဲ ၁း၅ “သင်တို့သည်ယေရှုခရစ်ကိုယုံကြည်၍ သန့်ရှင်းသူအပေါင်းတို့ကိုချစ်ကြမည်ဟု ငါတို့သည်ကြားရသဖြင့်လည်းကောင်း၊ သမ္မာတရားတည်းဟူသော ဧဝံဂေလိတရားကိုသင်တို့သည်အထက်က ကြားသိကြသည်အတိုင်းသင်တို့အဖို့ကောင်းကင်ဘုံ၌သိုထားသော မြော်လင့်ရာကိုထောက်သဖြင့်လည်းကောင်း။ ကျေးဇူးတော်ကိုချီးမွမ်းကြ၏။” (အငယ် ၃-၅)

စိတ်ဓါတ်ကျသောအချိန်တွင် ခရစ်တော်၌မြော်လင့်ခြင်းထားပါ။ ဆာလံ ၄၂း၁၁ “အိုငါ့ဝိညာဉ်သင်သည်အဘယ်ကြောင့် ညှိုးငယ်သနည်း။ ငါ့အထဲမှာအဘယ်ကြောင့်မငြိမ်မဝပ်ရှိသနည်း။ ဘုရားသခင်ကိုမြော်လင့်လျက်နေလော့။ ငါ့ကိုကယ်တင်တော်မူသောအရှင် ငါကိုးကွယ်သောဘုရားသခင်၏ကျေးဇူးတော်ကိုငါချီးမွမ်းထောမနာပြုလေအံ့သတည်း။”

ထမြောက်ခြင်းဆိုင်ရာကတိတော်ကို သတိရအောက်မေ့သောအခါတွင် မြော်လင့်ခြင်းများတိုးပွားလာပါသည်။ ၁သက် ၄း၁၃ “ညီအစ်ကိုတို့မြော်လင့်ခြင်းမရှိသောအခြားသူတို့သည် ဝမ်းနည်းသကဲ့သို့သင်တို့သည်ဝမ်းမနည်းမည်အကြောင်းအိပ်ပျော်သောသူတို့၏အမှုအရာကို မသိပဲနေစေခြင်းငှါငါတို့အလိုမရှိ”။

သင်သည်စိတ်နှလုံးဖြင့်ယုံကြည်ခြင်းကိုရှာရမည်။ ဧဖက် ၁း၁၈၊၁၉ “ခေါ်တော်မူသောကြောင့် မြော်လင့်ရသောအရာကား အဘယ်အရာဖြစ်သည်ကိုလည်းကောင်း၊ သန့်ရှင်းသူတို့သည်ခံရသောအမွေတော်၏ ဘုန်းစည်စိမ်ကားအဘယ်မျှလောက်ကြီးသည်ကိုလည်းကောင်း၊ သင်တို့သည်သိစေခြင်းငှါသင်တို့၏ဉာဏ်မျက်စိကိုလင်းစေပါမည်အကြောင်း ဆုတောင်းပဌနာပြု၏”။

## ချစ်ခြင်းမေတ္တာ

မည်သည့်အရာကမျှကျွန်ုပ်တို့အား ဘုရားသခင်၏မေတ္တာတော်နှင့်မကွာစေနိုင်ပါ။ ရောမ ၈း၃၈-၃၉ “သေခြင်းဖြစ်စေအသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွက်အမြတ်ဖြစ်စေ၊ အာဏာတန်ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊ အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍အဘယ်နိမ္မိတအရာမျှသည် ငါတို့သခင်ယေရှုခရစ်အားဖြင့်ခံရသော ဘုရားသခင်၏မေတ္တာတော်နှင့်ငါတို့ကိုမကွာစေနိုင်”။

ဘုရားသခင်၏မေတ္တာတော်သည် အနစ်နာခံခြင်းသက်သက်ဖြစ်သည်။ ယော ၃း၁၆ "ဘုရားသခင်၏သားတော်ကိုယုံကြည်သူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည်မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင်လောကီသားတို့ကို ချစ်တော်မူ၏။"

ဘုရား၏မေတ္တာတော်သည်အစဉ်အမြဲတည်ရှိတော်မူ၏။ ဆာလံ ၁၃၆း၁ "ထာဝရဘုရားသည်ကောင်းမြတ်တော်မူ၍ ကရုဏာတော် (မေတ္တာတော်) သည်အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့"

ချစ်ခြင်းမေတ္တာကိုကိုမည်သို့ဖေါ်ညွှန်းမည်နည်း။ ၁ကော ၁၃း၄-၇ "မေတ္တာသည်စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည်ဂုဏ်ပြိုင်ခြင်း မရှိ။ ဝါကြွားခြင်းမရှိ။ မာန်မာနမရှိ။ မလျှောက်ပတ်စွာမကျင့်တတ်။ ကိုယ့်အကျိုးကို မရှာတတ်။ ဒေါသအမျက်အထွက်တတ်။ အပြစ်ရှိသည်ဟုမထင်တတ်၊ မရားသော အမှု၌ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ဝမ်းမြောက်တတ်၏၊ ခပ်သိမ်းသော အရာကိုသည်းခံတတ်၏၊ ခပ်သိမ်းသောအရာကိုယုံကြည်တတ်၏၊ ခပ်သိမ်းသော အရာကိုမြော်လင့်တတ်၏၊ ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏၊ မေတ္တာသည် ဖေါက်ပြန်ခြင်း သဘောနှင့်အစဉ်ကင်းလွတ်၏။"

အချင်းချင်းချစ်ကြရန်ကျွန်ုပ်တို့အားမိန့်မှာထားပါသည်။ ၁ယော ၂း၇-၈ "ချစ်သူတို့သင်တို့အားငါရေးထားသောပညတ်သည် ပညတ်သစ်မဟုတ်။ ရှေးဦး စွာကပင်သင်တို့၌ရှိသောပညတ်ဟောင်းဖြစ်၏။ ပညတ်ဟောင်းကားရှေ့ဦးစွာပင် သင်တို့ကြားရသော ဒေသနာတော်ဖြစ်၏။ တဖန်တုံပညတ်သစ်ကိုသင်တို့ အားငါ ရေးထား၏။ ထိုသခင်အားဖြင့်လည်းကောင်း သင်တို့အားဖြင့်လည်းကောင်း အသစ်မှန်ပေ၏။ အကြောင်းမူကားမှောင်မိုက်ပျောက်လွင့်၍ မှန်သောအလင်း သည်ထွန်းတောက်လျက်ရှိ၏။"

မိတ်ဆွေများကိုသာမချစ်ကြပါနှင့်။ မဿဲ ၅း၄၃-၄၄ "ကိုယ်နှင့်စပ်ဆိုင် သောသူကိုချစ်လော့။ ရန်သူကိုမုန်းလော့ဟူသောပညတ်စကားကို သင်တို့ကြား ရပြီ။ ငါပညတ်သည်ကား သင်တို့၏ရန်သူတို့ကိုချစ်ကြလော့။ သင်တို့ကိုကျိန်ဆဲ သောသူတို့အားမေတ္တာပို့ကြလော့"။

ပညတ်တော်၏အချုပ်အခြာမှာ ချစ်ခြင်းမေတ္တာပေတည်း။ မဿဲ ၂၂း၃၇-၄၀၊ ၁ယော ၅း၃ "ယေရှုကသင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံး

အကြွင်းမဲ့ဥာဏ်ရှိသမျှနှင့်ချစ်လော့ဟူသော ပညတ်သည်ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သောပညတ်လည်းဖြစ်၏။ ထိုမှတပါးကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည်ပဌမပညတ်နှင့် သဘောတူ၏။ ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းရှိသမျှတို့၏ အချုပ်အခြာပင်ဖြစ်သတည်းဟုမိန့်တော်မူ၏" "ပညတ်တော်တို့ကိုစောင့်ခြင်းအရာသည် ဘုရားသခင်ကိုချစ်ရာရောက်၏။ ပညတ်တော်တို့ကိုစောင့်ခဲ့သည်မဟုတ်။"

ဘုရားသခင်အပေါ် ချစ်သည့်သင်၏မေတ္တာကို အားမနည်းပါစေနှင့်။ ဗျာဒိတ် ၂း၄-၅ "သင်သည်ရှေ့ဦးစွာသောချစ်ခြင်းမေတ္တာလျော့ပြီဟု အပြစ်တင်စရာအကြောင်းရှိ၏။ ထိုကြောင့်သင်သည်မရွှေ့လျော့မီ အရင်နေရာအရပ်ကို အောက်မေ့လော့"။

## အိမ်ထောင်ပြုခြင်း

အိမ်ထောင်ပြုခြင်းနှင့်စပ်လျဉ်း၍ သမ္မာကျမ်းစာကမည်သို့သွန်သင်ထားပါသနည်း။ အိမ်ထောင်ပြုသည်ဆိုရာတွင် အမျိုးသားတစ်ဦးနှင့်အမျိုးသမီးတစ်ဦးရာသက်ပန်ဆက်ကပ်လက်တွဲနေထိုင်ခြင်းဖြစ်သည်။ မဿဲ ၁၉း၅-၆ "ယောကျ်ားသည်ကိုယ်မိဘကိုစွန့်၍ ကိုယ်ခင်ပွန်းကိုမှီဝဲသဖြင့်ထိုသူနှစ်ယောက်တို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်။ ထိုကြောင့်လင်မယားတို့သည်နှစ်ဦးမဟုတ်တစ်ဦးတည်းဖြစ်၏။ ဘုရားသခင်ဆက်စပ်၍ ထမ်းပိုးတင်တော်မူသောအရာကိုလူမခွဲခွါစေနှင့်"။

ခင်ပွန်းသည်များသည်မိမိတို့၏ဇနီးများကိုမည်သို့ ဆက်ဆံကြရမည်နည်း။ ဧဖက် ၅း၂၅-၂၈ "အချင်းယောကျ်ားတို့ ခရစ်တော်သည်အသင်းတော်ကိုချစ်တော်မူသကဲ့သို့သင်တို့သည်လည်း ကိုယ်ခင်ပွန်းကိုချစ်ကြလော့။ ထိုအသင်းတော်သည်သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှစသည်တို့နှင့် လွတ်လပ်သဖြင့်အသရေတင့်တယ်လျက်ရှိသော အသင်းတော်ကိုခရစ်တော်သည်မိမိအား ဆက်သအံ့သောငှါနှုတ်ကပတ်တော်ရေ၌ ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည့်အကြောင်း ထိုအသင်းတော်အဖို့အလို့ငှါ ကိုယ်ကိုကိုယ်စွန့်တော်မူ၏။ ထိုနည်းတူယောကျ်ားတို့သည် မိမိကိုယ်ကိုချစ်သကဲ့သို့မိမိခင်ပွန်းတို့ကို ချစ်ရကြမည်။ ခင်ပွန်းကိုချစ်သောသူသည် ကိုယ်ကိုချစ်သောသူဖြစ်၏။"

အမျိုးသားများသည်မိမိတို့၏ဇနီးများအား စောင့်ရှောက်သင့်ကြပါသည်။ ၁ပေ ၃း၇ "ယောကျ်ားတို့ဆုတောင်းခြင်းအမှု၌ အတားအဆီးမရှိစေခြင်းငှါ အသက်

ရှင်ခြင်းကျေးဇူးတော်ကို ဆက်ဆံ၍အမွေခံရသောသူချင်းကဲ့သို့ ပညာသတိနှင့် လျော်စွာကိုယ်ခင်ပွန်းနှင့်အတူနေ၍ အားနည်းသောသူကိုပြုသင့်သည့်အတိုင်း သူ့ကိုစောင့်မပြုစုကြလော့"။

ဇနီးသည်ကမိမိ၏အမျိုးသားအား မည်သို့ဆက်ဆံသင့်ပါသနည်း။ ဧဖက် ၅း၂၂-၂၄ "အချင်းမိန်းမတို့သခင်ဘုရား၏ အုပ်စိုးတော်မူခြင်းကိုဝန်ခံသကဲ့သို့ ယောကျ်ားသည်မိမိခင်ပွန်း၏အပေါ်မှာ ခေါင်းဖြစ်၏။ ခရစ်တော်သည်လည်း မိမိကိုယ်ကိုကယ်တင်သောသူဖြစ်တော်မူ၏။ အသင်းတော်သည်ခရစ်တော်၏ အုပ်စိုးတော်မူခြင်းကိုဝန်ခံသကဲ့သို့ မိန်းမတို့လည်းကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို အရာရာ၌ဝန်ခံရကြမည်။"

ဇနီးသည်များသည် 'အပေးအယူ' လုပ်ရမည်ဟု၍အချက်ကဆိုလိုချင် ပါသလား။ မဟုတ်ပါ။ အိမ်ထောင်တစ်ခုတွင်ခင်ပွန်းကောဇနီးပါ တစ်ဦးနှင့်တစ်ဦး နှိမ့်ချမှုရှိကြရမည်။ ဧဖက် ၅း၂၁ "ခရစ်တော်ကိုခန့်ညားသောအားဖြင့် အချင်းချင်း တစ်ယောက်အောက်တစ်ယောက်ကိုယ်ကိုနှိမ့်ချလျက်နေကြလော့"။

ကိုယ်နှုတ်နှစ်ပါးစလုံးဖြင့် မစော်ကားကြရန်မည်သို့မြစ်ထားသနည်း။ ကောလောသဲ ၃း၁၉ "အချင်းယောကျ်ားတို့ကိုယ်ခင်ပွန်းကိုချစ်ကြလော့။ ကြမ်းတမ်းစွာ မပြုကြနှင့်။"

ပျော်ရွှင်သာယာသောအိမ်ထောင်တစ်ခုဖြစ်ရန် နားလည်မှုလွဲခြင်းများကို ချက်ခြင်းဖြေရှင်းကြပါ။ ဧဖက် ၄း၂၆ "အမျက်ထွက်ရာတွင်အပြစ်မရှိစေနှင့်။ အမျက်မပြေပဲနေမဝင်စေနှင့်။"

အိမ်ထောင်၏စည်းလုံးညီညွတ်မှုနှင့်နားလည်မှုရှိခြင်းများကို ဆက်လက် ထိန်းသိမ်းကြပါ။ ဧဖက် ၄း၂-၃။ အရာရာ၌စိတ်နှိမ့်ချခြင်း၊ နူးညံ့ခြင်းသိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့် မေတ္တာစိတ်နှင့်တစ်ယောက်ကိုတစ်ယောက် သည်းခံခြင်းရှိကြ၍ အသင့်အတင့်ပေါင်းဖော်ခြင်းအဖွဲ့အစည်းအားဖြင့် သင်တို့ သည်အချင်းချင်းစိတ်သဘောမခြားမနား တစ်လုံးတဝတည်းဖြစ်အံ့သောငှါကြိုးစား အားထုတ်ကြလော့။"

အိမ်ထောင်များကိုလူ့အသိုင်းအဝိုင်းက မည်သို့ရှုမြင်သင့်သနည်း။ ဟေဗြဲ ၁၃း၄ "ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်း အမှုသည်အသရေရှိစေလော့။ မတရားသောမေထုန်ကိုပြုသောသူနှင့် သူ့မယား ကိုပြစ်မှားသောသူကို ဘုရားသခင်စစ်ကြောစီရင်တော်မူလိမ့်မည်။"

ဘုရားသခင်သည်အိမ်ထောင်များကိုမည်သည့် ပညတ်ဖြင့်အကာအကွယ်

ပြုထားတော်မူသနည်း။ ထွက် ၂၀း၁၄၊၁၇ “သူ့မယားကိုမပြစ်မှားနှင့် ကိုယ်နှင့် စပ်ဆိုင်သောသူ၏မယားကို တပ်မက်လိုချင်သောစိတ်မရှိစေနှင့်”

မည်သည့်တစ်ခုတည်းသောအကြောင်းဖြင့် လင်မယားကွာနိုင်သနည်း။ မဿဲ ၅း၃၂ “မှားယွင်းခြင်းအကြောင်းမှတပါးအခြားသောအကြောင်းဖြင့် မိမိ မယားနှင့်ကွာသောသူသည် မိမိမယားကိုမှားယွင်းစေ၏။ ကွာသောမိန်းမနှင့်စုံ ဖက်ခြင်းကိုပြုသောသူသည်လည်း သူ့မယားကိုပြစ်မှား၏။”

အိမ်ထောင်ကိုမည်သည့်အချိန်အထိ တည်မြဲ၍ရည်မှန်းထားသနည်း။ ရောမ ၇း၂ “လင်ရှိသောမိန်းမသည် လင်မသေမီတိုင်အောင် ပညတ်တရားအား ဖြင့်လင်၌ချည်နှောင်လျက်ရှိ၏။ လင်သေလျှင်မူကားလင်ဝတ်နှင့်လွတ်၏။”

အိမ်ထောင်ပြုမည့်သူများအတွက်မည်သည့်ညွှန်းကြားချက်ရှိသနည်း။ ၂ကော ၆း၁၄ “မယုံကြည်သောသူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သောထမ်းပိုး ကိုမထမ်းကြနှင့်။ မတရားသောအမှုသည် တရားသောအမှုကိုအဘယ်သို့ လက်ခံ နိုင်မည်နည်း။ အလင်းသည်အမှောင်နှင့်အဘယ်သို့ဆက်ဆံနိုင်မည်နည်း။

အိမ်ထောင်ဖက်ဇနီး၊ ခင်ပွန်းများ၌ကျင့်သုံးသောသံဝါသပြုခြင်းကို ထာဝရဘုရားကောင်းချီးပေး၏။ သုတ္တံ ၅း၁၈-၁၉ “အသက်အရွယ်ပျိုစဉ်ကာလ ပေါင်းဖေါ်သောမယားနှင့်အတူပျော်မွေ့လော့။ သူ၏သားမြတ်တို့သည်သင်၏ အလိုဆန္ဒကိုအစဉ်ပြေစေ၍ သူ့ကိုချစ်သောစိတ်နှင့်အစဉ်ယစ်မူးလျက်နေလော့။

## ကယ်တင်ခြင်း

ထာဝရဘုရားသည်ခရစ်တော်အားဖြင့် ကျွန်ုပ်တို့အားကယ်တင်ခြင်းကို ပေးတော်မူ၏။ မဿဲ ၁း၂၁၊ တမန် ၄း၁၂ မာရိသည်“သားယောကျ်ားကိုဖွားမြင် လိမ့်မည်။ ထိုသားသည်မိမိလူတို့ကိုအပြစ်မှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟူသောအမည်ဖြင့်မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏” “ထိုသခင်၏ နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှကောင်းကင် အောက်လူတို့တွင်မပေါ်မရှိရ။”

ကျွန်ုပ်တို့သည်ဘုရားသခင်နှင့်ပုဂ္ဂလိက ရင်းနှီးမှုရှိလျှင်ထာဝရအသက်ကို ရ၏။ ဤအရာကိုကယ်တင်ခြင်းဟုဆိုလိုပါသည်။ ယောဟန် ၁၇း၃၊ ၃း၁၆ “ထာဝရ အသက်ဟူမူကား မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော် ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း၊ သိကျွမ်းခြင်း တည်း” “ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့ သည် ပျက်စီး ခြင်းသို့မရောက် ထာဝရအသက်ကိုရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌တစ်ပါး

တည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။

ကယ်တင်ခြင်းသို့ပို့ဆောင်သောလမ်းသည် တစ်လမ်းတည်းရှိ၏ ခက်ခဲသောလမ်းဖြစ်၏၊ မဿဲ ၇း၁၃-၁၄ "ကျဉ်းသောတံခါးကိုဝင်ကြလော့၊ ပျက်စီးခြင်းသို့ရောက်သောလမ်းနှင့် တံခါးသည် ကျယ်ဝန်သည်ဖြစ်၍ ဝင်သောသူတို့သည်များကြ၏၊ အသက်ရှင်ခြင်းသို့ရောက်သောလမ်းနှင့်တံခါးသည် အလွန်ကျဉ်းမြောင်းသည်ဖြစ်၍ တွေ့ဝင်သောသူတို့သည်နည်းကြ၏။"

ကယ်တင်ခြင်းသည် အဖိုးအခမပေးရပဲရသည့်ဆုလက်ဆောင်ဖြစ်၏၊ ဝယ်ယူလို့ရနိုင်သောအရာမဟုတ်ပါ။ ဧဖက် ၂း၈-၉ "ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏၊ ကိုယ်အလိုအလျှောက်ရောက်သည်မဟုတ်၊ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း၊ ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ရောက်သည်မဟုတ်၊ သို့ဖြစ်၍ အဘယ်သူမျှဝါကြွားဝရာအခွင့်မရှိ။"

ကယ်တင်ခြင်းကိုလက်ခံရရှိခြင်းသည် (နောင်တရခြင်းအပါအဝင်) ဧဝံဂေလိတရားတော်ကို ပုဂ္ဂလိက တုံ့ပြန်ခြင်းတခုဖြစ်သည်။ တမန် ၂း၃၇-၃၈ "ထိုသူတို့သည် အဘယ်သို့ပြုရပါမည်နည်းဟု မေးကြ၏၊ ပေတရုကလည်းသင်တို့၏အပြစ်ကိုလွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။"

ကယ်တင်ခြင်းကိုလက်ခံရယူခြင်းသည် ရိုးစင်းသည်၊ တိုက်ရိုက်ဖြစ်သည်၊ ပုဂ္ဂလိကလုပ်ဆောင်ရမည့်အရာဖြစ်သလို လူသိရှင်ကြားလုပ်ဆောင်ဖို့လည်းရှိပါသည်။ ရောမ ၁၀း၈-၁၀၊ "တရားတော်သည်သင်နှင့်နီး၏သင်၏နှုတ်၌ လည်းကောင်း၊ သင်၏နှလုံး၌လည်းကောင်းရှိသည်ဟုဆို၏။ ထိုသို့ဆိုသော်ငါတို့ဟောပြောသောယုံကြည်ခြင်းတရားကို ဆိုလိုသတည်း။ အဘယ်သို့နည်းဟူမူကား သင်သည်ယေရှုခရစ်ကိုနှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည်သူ့ကိုသေခြင်းမှထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါစိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါနှုတ်ဖြင့်ဝန်ခံရ၏။"

**ခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းဆိုင်ရာပုပ္ပနိမိတ်များ**

ကမ္ဘာ့ရာဇဝင်၏နောက်ဆုံးသောနေ့ရက်များတွင် ကျွန်ုပ်တို့နေထိုင်အသက်ရှင်လျက်ရှိကြသည်ဆိုသည့်အချက်ကို ခရစ်ယာန်မဟုတ်သူများက ယုံဖို့

ခက်နေကြပါသည်။ ၂ပေ ၃း၃-၄ "ရှေ့ဦးစွာသိမှတ်အပ်သောအရာဟူမူကား နောက်ဆုံးသောကာလ၌ ပြက်ရယ်ပြုတတ်သောသူတို့သည် မိမိတို့တပ်မက်ခြင်း အတိုင်းကျင့်နေ၍ သခင်ဘုရားကြွလာမည်ဟူသောကတိသည် အဘယ်မှာရှိ သနည်း။ ဘိုးဘေးများအိပ်ပျော်သည်နောက် ခပ်သိမ်းသောအရာတို့သည်ဖန်ဆင်း စကဖြစ်သကဲ့သို့ဖြစ်မြဲဖြစ်ကြ၏ ဟုဆိုလျက်ကဲ့ရဲ့ခြင်းနှင့်တကွပေါ်လာလိမ့်မည်"။

အန္တိခရစ်ပေါ်ထွန်းခြင်းသည်နောက်ဆုံးခေတ်ကာလ ဖြစ်ကြောင်းပုပ္ပ နိမိတ်တစ်ခုဖြစ်ပါသည်။ ၁ယော ၂း၁၈ "ချစ်သားတို့ယခုကာလသည်နောက်ဆုံး သောကာလဖြစ်၏။ ခရစ်တော်၏ရန်သူတည်းဟူသော အန္တိခရစ်ပေါ်လာကြောင်း ကိုသင်တို့ကြားရသည်အတိုင်း ယခုပင်အန္တိခရစ်အများရှိကြ၏။ ထိုကြောင့်ယခု ကာလသည်နောက်ဆုံးသောကာလ ဖြစ်သည်ကိုသိရ၏။"

အဆုံးသို့ရောက်မည့်အချိန်ကိုခရစ်တော် မိန့်မြွက်ခဲ့ပါသလား။ မဿဲ ၂၄း၁၄ "လူအမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်းနိုင်ငံတော်နှင့် ယှဉ်သောဧဝံဂေလိတရားကို လောကီနိုင်ငံအရပ်ရှိသမျှတို့၌ ဟောရလိမ့်မည်။ သို့ပြီးမှအဆုံးသည်ဖြစ်လတံ့။"

ခရစ်တော်အယောင်ဆောင်သူများသည်နောက်ဆုံးသော ခေတ်ကာလ တွင်လူတို့အားလှည့်ဖြားကြလိမ့်မည်။ မဿဲ ၂၄း၂၃-၂၄ "ထိုအခါသူတပါးကဤ အရပ်၌ခရစ်တော်ရှိသည်။ ထိုအရပ်၌ရှိသည်ဟုဆိုသော်လည်း မယုံကြနှင့်။ အကြောင်းမူကား ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့် မိစ္ဆာပုရောဖက် တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားလောက်အောင်ကြီးစွာ သောနိမိတ်လက္ခဏာ အံ့ဖွယ်သောအမှုတို့ကိုပြုကြလိမ့်မည်။"

နေ၊လ၊ကြယ်တို့၌လည်း ပုပ္ပနိမိတ်များဖြစ်ပေါ်လိမ့်မည်။ မဿဲ ၂၄း၂၉-၃၀ "ထိုကာလ၏ဒုက္ခဆင်းရဲခြင်းနောက် ရုတ်ခနဲနေသည်မိုက်လိမ့်မည်။ လသည် အရောင်ကိုမပေး၊ ကြယ်တို့သည်ကောင်းကင်မှကျလိမ့်မည်။ ကောင်းကင်တန်ခိုး တို့သည်တုန်လှုပ်ကြလိမ့်မည်။ ထိုအခါလူသား၏နိမိတ်လက္ခဏာသည်ကောင်းကင် ၌ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာလူအပေါင်းတို့သည် ငိုကြွေးမြည် တမ်းကြ၍ လူသားသည်ကြီးစွာသောဘုန်းတန်ခိုး အာနုဘော်ကိုဆောင်လျက် မိုးတိမ်ကိုစီး ၍ကြွလာတော်မူသည်ကိုမြင်ရကြလိမ့်မည်။"

နောက်ဆုံးသောခေတ်ကာလတွင်အသက်ရှင်နေထိုင်ကြသည့် လူ့အသိုင်း အဝိုင်း၏အခြေအနေမှာမည်သို့နည်း။ ၂တိ ၃း၁-၅ "နောင်ကာလသည်ခဲယဉ်း သောကာလဖြစ်မည်ဟုသိမှတ်ကြလော့။ အဘယ်သို့နည်းဟူမူကားလူတို့သည်

ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကိုရှုတ်ချသောသူ၊ မိဖစကားကိုနားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ၊ ပကတိကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ ချောစားတတ်သောသူ၊ ကိုယ်ဣန္ဒြေကိုမချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကိုမုန်းသောသူ၊ သစ္စာကိုဖျက်တတ်သောသူ၊ သတိပေးခြင်းကိုမခံသောသူ၊ မာန်မာနနှင့်ယစ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ၍ နှစ်သက်သောသူ၊ ဘုရားဝတ်၌မွေ့လျော်ခြင်းတန်ခိုးကိုငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။ ထိုသူတို့ကိုရှောင်လော့။"

အသိပညာတိုးပွားခြင်းနှင့်ခရီးသွားလာခြင်းများသည် နောက်ဆုံးသောခေတ်ကာလ၏ပုပ္ပနိမိတ်တစ်ခုဖြစ်သည်။ ဒံယေလ ၁၂း၄ "သင်ဒံယေလမူကားအမှုကုန်ရသည်ကာလတိုင်အောင် ဤစကားတော်တို့ကိုပိတ်၍ စာစောင်ကိုတံဆိပ်ခတ်ထားလော့။ အများသောသူတို့သည်ဤစာကိုကြည့်ရှုခြင်းအားဖြင့် ပညာတိုးပွားလိမ့်မည်ဟုပြောဆို၏။

နောက်ဆုံးသောနေ့ရက်ကာလများနှင့်ပတ်သက်၍ အခြားမည်သည့်ပုပ္ပနိမိတ်များကို သမ္မာကျမ်းစာထဲတွင်ဖော်ပြထားသေးသနည်း။ လုကာ ၂၁း၂၅-၂၆ "ထိုအခါနေ၊လ၊ကြယ်၊နက္ခတ်တို့၌ ပုပ္ပနိမိတ်ထင်ရှားလိမ့်မည်။ မြေကြီးပေါ်မှာလည်းလူအမျိုးမျိုး မငြိမ်မသက်စိုးရိမ်ကြောင့်ကြခြင်း၊ သမုဒ္ဒရာလှိုင်းတံပိုးကြီးခြင်း၊ မြေကြီးပေါ်မှာဖြစ်လတံ့သော ဘေးများကိုမြော်၍ကြောက်လန့်သဖြင့် လူများတို့၏အသက်ဆုံးခြင်းအမှုအရာတို့သည်ဖြစ်ကြလိမ့်မည်။ ကောင်းကင်တန်ခိုးတို့သည်တုန်လှုပ်ကြလိမ့်မည်။"

ငြိမ်းချမ်းရေးနှင့်လုံခြုံရေးရှိကြောင်းများကို ပြောဟောနေခြင်းများသည်လည်းပုပ္ပနိမိတ်တစ်ခုဖြစ်သည်။ ၁သက် ၅း၂-၃ "သူခိုးသည်ညဉ့်အခါလာသကဲ့သို့သခင်ဘုရား၏နေ့ရက်သည် လာလိမ့်မည်ကိုသင်တို့သည်သေချာစွာသိကြ၏။ ငြိမ်ဝပ်ခြင်းရှိ၏။ ဘေးအန္တရာယ်နှင့်ကင်းလွတ်၏ဟုဆိုစဉ်တွင် ကိုယ်ဝန်ဆောင်သောမိန်းမ၌သားဖွားခြင်းဝေဒနာ ရောက်သကဲ့သို့သူတို့အပေါ်၌လျင်မြန်စွာသောပျက်စီးခြင်းရောက်၍လွတ်ခြင်းအခွင့်မရှိရကြ။"

ဤပုပ္ပနိမိတ်များကိုမြင်ရသူများသည် မည်သည့်အရာကိုလုပ်ဆောင်ကြမည်နည်း။ မဿဲ ၂၄း၄၂-၄၄ "သင်တို့အရှင်သည်အဘယ်အချိန်နာရီ၌ ရောက်လာမည်ကိုသင်တို့မသိသောကြောင့်စောင့်နေကြလော့။ သူခိုးလာမည့်အချိန်နာရီ

ကိုအိမ်ရှင်သိရလျှင် မိမိအိမ်ကိုမထွင်းမဖေါက်စေခြင်းငှါ စောင့်နေလိမ့်မည်ကို သင်တို့သိကြ၏။ ထို့ကြောင့်သင်တို့သည်ပြင်ဆင်လျက်နေကြလော့။ အကြောင်းမူကား သင်တို့ မထင်မမှတ်သောအချိန်နာရီ၌လူသားသည်ကြွလာလိမ့်မည်။